စိတ်ကူးချိုချိုအနုပညာ

# ယနေ့လူငယ်များအတွက် နှိုင်းယှဉ်လေ့လာချက်မှ တွေ့ရှိရသော မတူညီသည့် ယုံကြည်ကိုးကွယ်မှုများအတွင်းမှ စိတ်၏ငြိမ်သက်မှုများ

အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး




mgyoe.com

mgyoe.com

ယနေ့လူငယ်များအတွက်
နိုင်းယှဉ်လေ့လာချက်မှ တွေ့ရှိရသော
မတူညီသည့် ယုံကြည်ကိုးကွယ်မှုများအတွင်းမှ
စိတ်၏ငြိမ်သက်မှုများ

အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး

taya0034
2500.00 Ks

mgyoe.com

အပြင်အဆင် - အယ်အက်စ်အို
စာမျက်နှာ ၂၁၃ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၀·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ယနေ့လူငယ်များအတွက် နိုင်းယှဉ်လေ့လာချက်မှ တွေ့ရှိရသော မတူညီသည့် ယုံကြည်ကိုးကွယ်မှုများအတွင်းမှ စိတ်၏ငြိမ်သက်မှုများ

အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး
ရေးသားသည့်

# ယနေ့လူငယ်များအတွက်
# နှိုင်းယှဉ်လေ့လာချက်မှ တွေ့ရှိရသော
# မတူညီသည့် ယုံကြည်ကိုးကွယ်မှုများအတွင်းမှ
# စိတ်၏ငြိမ်သက်မှုများ

အပိုင်း–၁

# EQUANIMITY IN DIFFERENT RELIGIONS
with reference to comparative study.

Part one.

By

A defacto religious officer (Retd)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| စဉ် | အကြောင်းအရာခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | ရှေးဦးရေးသားအမှာစကား | က–ဃ |
| ၂။ | နိဒါန်း | ၁–၄၇ |
| ၃။ | ဗုဒ္ဓဘာသာ | ၄၇–၁၁၀ |
| ၄။ | ခရစ်ယာန်ဘာသာ | ၁၁၀–၁၉၄ |
| ၅။ | နိဂုံး | ၁၉၅–၂၁၁ |
| ၆။ | စာရေးသူအကြောင်း | ၂၁၂ |
| ၇။ | ကျေးဇူးတင်စကား | ၂၁၃ |


❒

mgyoe.com

mgyoe.com

## ရှေးဦးစွာရေးသားအမှာစကား

ရွာကြီးတစ်ရွာနှင့် အလားတူစွာ ယနေ့ဤကမ္ဘာ (Globlization) ဟူ၍ ပြောနေကြသည့် ယနေ့ခေတ်ကာလအထိ လူသားတို့ယုံကြည်နေကြသည့် ဘာသာကြီး (၈) ခုရှိသည်ကို လူပေါင်းများစွာတို့ သိရှိနေကြပေသည်။ သို့သော် မကြာသေးမီကာလ ရာစုနှစ်အနည်းငယ် (၁၈၆၄-အေဒီ) က ပွင့်ထွန်းပေါ်ပေါက်လာသည့် ဘာသာသာသနာတစ်ခုဖြစ်သည့် ဘဟာအီ (Bahai) ကိုမူ လူအနည်းငယ်သာ သိရှိကြလိမ့်မည်ဟူ၍ ထင်ပါသည်။ အဆိုပါ ဘဟာအီ ဘာသာပါထည့်ပေါင်းလျှင် ယနေ့ကမ္ဘာ့လူဦးရေသန်း (၉၀၀၀) ခန့်တို့သည် ဘာသာယုံကြည်ကိုးကွယ်မှု (၉) ခုကို လက်ခံယုံကြည်နေကြသည်ဟူ၍ ဆိုရပေလိမ့်မည်။ ကမ္ဘာ့ဘာသာ ယုံကြည်ကိုးကွယ်မှုကို အများဆုံးစတင်ထူထောင်ရာ အရပ်ဒေသမှာ အိန္ဒိယနိုင်ငံ ဖြစ်သည်။ ယနေ့ အိန္ဒိယနိုင်ငံတွင် လူဦးရေသန်းပေါင်း (၁၂၀၀) ခန့်ရှိပြီး ယုံကြည်ကိုးကွယ်မှု အပါအဝင် အယူအဆ အယူဝါဒပေါင်း (၇၀၀၀) ခန့်ရှိသည်ဟူ၍ လေ့လာသိရှိရပေသည်။ အမှန်စင်စစ်အားဖြင့် ယနေ့ကမ္ဘာပေါ်ရှိ လူသန်းပေါင်း များစွာတို့သည် တမန်တော်ကိုးကွယ်သည့် ဘာသာကြီး (၄) ခုနှင့် အိန္ဒိယ အနွယ်ဘွားဘာသာကြီး (၄) ခုတို့သာ မိမိတို့၏ မိရိုးဖလာအစဉ်အဆက် ယုံကြည်ကိုးကွယ်လာခဲ့ကြပေသည်။ ယင်းဘာသာကြီး (၈) ခုတို့မှာ ဇိုရိုအာ

mgyoe.com

mgyoe.com

ဆရိယာ (ဝါ) ပါစိဘာသာ၊ ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာန်ဘာသာနှင့် ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ဂျိမ်းဘာသာ၊ ဆစ်ခ်ဘာသာတို့ဖြစ်ကြပါသည်။ အိန္ဒိယနိုင်ငံ၏မြို့တော် နယူးဒေလီမြို့အနီး ပဒုမ္မာကြာပန်း၏ ပွင့်ချပ်ပွင့်ဖတ်များပုံစံဖြင့် ဆောက်လုပ်ထားသည့် ခန်းမကြီးအတွင်း ရုပ်တု၊ ရုပ်ပုံကားချပ်ဘာတစ်ခုမျှမထားရှိသော ခန်းမကြီးအတွင်း ထိုင်ခုံများသာ ထားရှိသည့် Lotus Temple သည် ဘဟာအီဘာသာ၏ သင်္ကေတပြယုဂ်တစ်ခု ဖြစ်သည်။ ယနေ့မြန်မာနိုင်ငံတွင်လည်း ဘာသာယုံကြည်ကိုးကွယ်မှု အသီးသီးတို့၏ ဂိုဏ်းခွဲများ၊ အထူးသဖြင့် ဗုဒ္ဓဘာသာ၏ ဂိုဏ်းခွဲအယူအဆများ (Branches) စင်ပြိုင်အယူအဆများ ပေါ်ပေါက်လျက်ရှိသည်ကို လေ့လာသိရှိနေရသည်။ ယင်းသို့အယူဝါဒ အမျိုးမျိုးတို့၏ အဓိက လိုအင်ဆန္ဒနှင့် ရည်ရွယ်ချက်မှာ ယေဘုယျအားဖြင့် အားကိုးအားထားပြုရန်ဖြစ်၍ ယခုဘဝအတွက်ရော၊ နောက်ဘဝအတွက်ပါ အားကိုးအားထားရှာကြံနေကြခြင်း ဖြစ်သည်။ သို့ရာတွင် အချို့သောဘာသာယုံကြည်ကိုးကွယ်မှုများမှာ ဒုက္ခမြားမြောင် လောကလူ့ဘောင်မှ လွတ်အောင်ရုန်းထွက်ရေးကို ဦးစားပေးသည့် ရည်ရွယ်ချက်ရှိနေကြစေကာမူ လက်တွေ့အခြေအနေတွင် လိုရာခရီးကို အပြီးတိုင်မရောက်နိုင်ကြဘဲ ဒုက္ခသံသရာထဲ၌သာတစ်ဝဲလည်လည်ဖြစ်နေကြသည်ကို တွေ့မြင်သိရှိနေရသည်။ မည်သို့ပင်ဖြစ်စေကာမူ ယခုဘဝတွင် တဒင်္ဂအားဖြင့် စိတ်၏ ငြိမ်သက်မှုကို ရရှိနိုင်ကြခြင်းကြောင့်သာလျှင် မိမိတို့ယုံကြည်သည့် ဘာသာအလျောက် ဝတ်ပြုကိုးကွယ်နေကြသည်ဟုဆိုရပေလိမ့်မည်။ ထို့ကြောင့် ဤစာအုပ်၏အမည်ကို "နှိုင်းယှဉ်လေ့လာချက်မှတွေ့ရှိသော မတူညီသည့် ကိုးကွယ်ယုံကြည်မှုများအတွင်းမှ စိတ်၏ငြိမ်သက်မှုများ" (EQUANIMITY IN DIFFERENT RELIGIONS WITH REFERENCE TO COMPARATIVE STUDY) ဟူ၍ အမည်ပေးရေးသားလိုက်ရပါသည်။

စာရေးသူ၏ စေတနာအမှန်ကို အမြွက်မျှ ဖော်ပြရလျှင် စာရှုသူအား ကမ္ဘာ့ဘာသာ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဗဟုသုတရရှိပြီး အမှန်တရားဟူ၍ဖြစ်စေ၊ သစ္စာတရားဟူ၍ဖြစ်စေ၊ ဘုရားဟူ၍ဖြစ်စေ၊ ဗုဒ္ဓဟူ၍ဖြစ်စေ၊ ထာဝရ ဘုရားသခင်

mgyoe.com

mgyoe.com

ဟူ၍ဖြစ်စေ၊ ဗြဟ္မာဟူ၍ဖြစ်စေ၊ အလ္လာဟူ၍ဖြစ်စေ၊ မည်သို့ပင် နာမပညတ် ကင်ပွန်းတပ်၍ခေါ်စေကာမူ ကမ္ဘာလောက၏ သဘာဝအရှိအမှန်တရားကို အသိဉာဏ်ဖြင့် မှန်ကန်စွာသိနားလည်စေလိုသည့်ဆန္ဒ ဖြစ်ပါသည်။ ထို့ကြောင့် အဆုံးအမတည်းဟူသော သာသနာနှင့် ယင်းသာသနာကို ထူထောင်ခဲ့ကြသူ (Brief stories of those one who enlightened the four noble truths and revelators) များ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်များကို လေ့လာသိရှိရချက်များအား အောက်တွင် ဖော်ပြအပ်ပါသည်။

❒

mgyoe.com

mgyoe.com

| အဆုံးအမသာသနာအမည် | စတင်တည်ထောင်သူ | တည်ထောင်သည့်အချိန် |
|---|---|---|
| စဘာအီယန် SABAEIAN | မသိရ | ဘီစီ ၅၀၀၀ ခန့် |
| ဟိန္ဒူ HINDUISM | ခရစ်ရှ်နာ | ဘီစီ ၂၀၀၀ ခန့် |
| ဂျူးဘာသာ JUDAISM | မိုးဇက် | ဘီစီ ၁၃၃၀ ခန့် |
| ဇိုရိုအာဆရိယန် ZOROASTRIAN | အဟူရာမဒ္ဒါ | ဘီစီ ၁၀၀၀ ခန့် |
| ဗုဒ္ဓဘာသာ BUDDHISM | သိဒ္ဓတ္ထဂေါတမ | ဘီစီ ၆၂၃ ခန့် |
| ခရစ်ယာန် CHRISTIANILY | ယေရှုခရစ်တော် | အေဒီ ၁ ခန့် |
| အစ္စလမ် ISLAM | မိုဟာမွဒ် | အေဒီ ၆၂၂ ခန့် |
| ဂျိန်းဘာသာ JAINISM | မဟာဝီရ | ဘီစီ ၆၅၀ ခန့် |
| ဆစ်ခ် SIKHISM | ဂုရုနာနတ်ခ် | အေဒီ ၁၅ ရာစု |
| ဘဟာအီ BAHAI | ဗာဗ်အွလ္လာ | အေဒီ ၁၈၄၄ နှစ် |

ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဗဟုသုတ ပြည့်စုံကြွယ်ဝကြပြီးလျှင် အကြောင်းအကျိုး အကောင်းအဆိုး ခွဲခြားဝေဖန် စိစစ်သည့်ဉာဏ်ဖြင့် အရှိအမှန်တရားကို တွေ့မြင်နားလည်နိုင်ကြပါစေ။

ဦးမှုံ (လဝက–ငြိမ်း)
အငြိမ်းစားမြို့နယ်သာသနာရေးမှူးတစ်ဦး

❐

mgyoe.com

mgyoe.com

# နိဒါန်း

လောကဟုဆိုအပ်သော သဘောတရား (သို့မဟုတ်) ကမ္ဘာလောကဟုဆိုအပ်သော အဓိပ္ပာယ်သည် စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ဖြစ်ပေါ်လာခြင်း၊ တည်တံ့နေခြင်း၊ ပျက်စီးချုပ်ပျောက်သွားခြင်း၊ သဘောတရားသည် အရာခပ်သိမ်းတို့အပေါ်၌ တစ်ပြေးညီတစ်သမတ်တည်း အချိန်မလပ်ကြီးစိုးလွှမ်းမိုးထားသည်။ ကျွန်ုပ်တို့နေထိုင်ရာ နေစကြာဝဠာ ကမ္ဘာလောကဓာတ်အတွင်း အာကာသခေါ် ဟင်းလင်းပြင်နေရာနှင့် အချိန်ကာလအကန့်အသတ်မရှိခြင်းတို့သည်သာလျှင် တန်ခိုးအာဏာအရှိဆုံးသော အရာများဖြစ်ကြပါသည်။ အာကာသဟင်းလင်းပြင်ကြီးတည်ရှိနေခြင်းကြောင့်သာလျှင် မာကျောမှု၊ သမမျှတမှု၊ ပျော့ပြဲကြေကွဲမှု၊ အစိတ်စိတ်အမွှာမွှာအမှုံ့မှုံ့ အညက်ညက် ကြေမွပျက်စီးမှုသဘောဖြစ်သည့် ပထဝီရုပ်၊ အေးခဲမှု၊ ပူနွေးမှု၊ ပူလောင်မှု၊ လောင်ကျွမ်းပျက်စီးမှု သဘောရှိသော တေဇောရုပ်၊ တွန်းကန်မှု၊ ထောက်ကန်မှု၊ ရွေ့လျားပျက်စီးစေနိုင်ခြင်း သဘောရှိသော ဝါယောရုပ်၊ ယိုစီးမှု၊ ဖွဲ့စည်းမှု ၊ ရောနှောပေါင်းစပ်မှု၊ ရွေ့လျှောပျက်စီးမှု သဘောရှိသော အာပေါရုပ်၊ ဤဓာတ်ကြီးလေးပါး (ဝါ) ရုပ်တရားလေးခု (သို့မဟုတ်) မဟာဘူတရုပ်လေးပါး တည်ရှိနေ

mgyoe.com

ခြင်းကြောင့်သာလျှင် သက်ရှိသက်မဲ့ရုပ်လောကနှင့် နာမ်လောက (ဝါ) ရုပ်ရော စိတ်ပါ တည်ရှိနေခြင်း ဖြစ်သည်။

ဓာတ်ကြီးလေးပါးသည် အာကာသနှင့် အချိန်ကာလအတွင်းနေရာယူလျက် အရာခပ်သိမ်းဖြစ်ပေါ်လာစေခြင်း၏ အကြောင်းတရားဖြစ်သည့် အရာခပ်သိမ်းတို့အား ဖန်တီးပြုပြင်စီရင်နေပြီး သက်ရှိသက်မဲ့ အားလုံးတို့၏ ကံကြမ္မာကို ထုထည်ကြီးမားစွာဖြင့် စိုးမိုးထားသည်။ ဤဓာတ်ကြီးလေးပါးသည် သက်ရှိသက်မဲ့ အားလုံး၏ ကံကြမ္မာကို အစလည်းဖြစ်ပေါ်စေသကဲ့သို့ အဆုံးသတ်ခြင်းသို့လည်း တွန်းပို့လျက် ရှိနေသည်။ ယင်းဓာတ်ကြီးလေးပါး၏ သတ္တိမှာ ဓာတ်တစ်မျိုးချင်းသည် သူ့သဘောနှင့်သူဆောင်လျက် အခြားသော ဓာတ်များနှင့် အားပြိုင်လွန်ဆွဲသည့် သဘောရှိသော်လည်း အစဉ်အမြဲဒွန်တွဲလျက် ရှိနေကြသည်။ ထို့ကြောင့် ဓာတ်ကြီးလေးပါးတို့သည် အခြေအနေကို အမြဲတစေ ရွေ့လျားပြောင်းလဲစေလျက်ရှိရာ သက်ရှိသက်မဲ့ရုပ်လောက၏ စဉ်ဆက်မပျက် ဖြစ်ပျက်ပြောင်းလဲနေခြင်းသဘောမှာလည်း အလိုအလျောက် ပါဝင်နေပေ၏။ မည်သို့ပင်ဖြစ်စေကာမူ အဆိုပါ ဓာတ်ကြီးလေးပါးတို့တွင် တစ်ပါးနှင့်တစ်ပါး ရောနှောပေါင်းစုအားကြီးမှုကိုဖြစ်စေသည့် မိတ်ဖက် ဓာတ်နှစ်ပါးနှင့် ရန်ဖက်ဓာတ်နှစ်ပါးစီတို့သည် ဒွန်တွဲအားပြိုင်လွန်ဆွဲလျက် အမြဲမပျက် ရုန်းကန်လှုပ်ရှားပြောင်းလဲလျက် ရှိနေကြသည်။ သက်ရှိသက်မဲ့ အရာအားလုံး ယင်းလှုပ်ရှားမှုတွင် အကျုံးဝင်နေကြသည်။ လောကကြီး၏ စဉ်ဆက်မပြတ် လှုပ်ရှားပြောင်းလဲနေခြင်း၏ ပဓာနအကြောင်းရင်းခံတရားများဖြစ်သော ယင်းဓာတ်ကြီးလေးပါးတို့၏ ဂုဏ်သတ္တိကို အသေးစိတ်ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လေလေ ၊ စိတ်နှင့်ရုပ်ဒွန်တွဲ ဖြစ်ပေါ်နေသော သက်ရှိလောက၏ သဘောသဘာဝကို ပိုမိုနားလည်နိုင်လေလေ ဖြစ်မည်။ ထို့ကြောင့် အဆိုပါ ဓာတ်ကြီးလေးပါးတို့၏ တစ်ပါးချင်း၌ရှိသော ဂုဏ်သတ္တိအကြောင်းတရားများအား အနည်းငယ်ဖောက်သည်ချပါအံ့။

ပထဝီဓာတ်၏သဘောတရားကား–သဟဇာတရူပါ၊ နိပတန္တိတွေဘာတိ ပထဝီဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းဖြစ်လျှင်လည်း မိမိနှင့် အတူတကွဖြစ်၍ ပျက်လျှင်လည်း မိမိနှင့်အတူတကွဖြစ်၍ ပျက်တတ်သည့် ဖြစ်ဖော်ဖြစ်ဖက်၊

mgyoe.com

mgyoe.com

သဘောသည် ပထဝီဟူ၍ခေါ်သည့် အဟုတ်အမှန်ရှိသော မာသဘော၊ ပျော့သဘော ဖြစ်၏။ ထို့ကြောင့် ကက္ခဠဒိဖုသနာခိကော ဟူ၍လည်းဖွင့်ဆိုထားပြန်ရာ အဓိပ္ပာယ်မှာ ကြမ်းတမ်းခြင်း၊ တွေဝေခြင်း၊ အစရှိသော ၊ အသာခာရဏော၊ သူတစ်ပါးနှင့်မဆက်ဆံဘဲ မိမိ၏သဘောကို မိမိကသာလျှင် အပြည့်အဝ ထမ်းဆောင်နေခြင်းသဘော ဖြစ်၏။

ထိုနည်းတူ အခြားမဟာဘုတ် ဓာတ်ကြီးသုံးပါးဖြစ်သည့် အာပေါဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်များသည်လည်း မိမိ၏သဘောလက္ခဏာကို မိမိကဆောင်ကြကုန်၏။ လက္ခဏာအားဖြင့်လည်းကောင်း၊ ရသအားဖြင့်လည်းကောင်း၊ ပစ္စုပ္ပဋ္ဌာန်အားဖြင့်လည်းကောင်း၊ မိမိသဘောကို မိမိသာ ဆောင်တတ်၏။ ပထဝီ၏သဘောသဘာဝသည် ကက္ခဠအားဖြင့် ကြမ်းတမ်းခြင်း၊ ထဒ္ဓအားဖြင့် အလုံးအခဲအဖြစ် မာကျောခြင်းဖြစ်စေနိုင်သလို ပတိဋ္ဌာနအားဖြင့် ကျန်ဓာတ်ကြီးသုံးပါးတို့၏တည်ရာ၊ မှီရာကိစ္စကို ဆောင်ကြဉ်းပေးခြင်း၊ သမ္ပဋိစ္ဆန္နအားဖြင့် ခံလင့်ခြင်း၊ လက်ခံရယူထားပေးနိုင်ခြင်း၊ သဘောကိုလည်းဆောင်၏။

မဟာဘုတ်ကြီးလေးပါးတို့သည် သဟဇာတဖြစ်နေကြသော်လည်း တစ်ခုသော မဟာဘုတ်၏ သဘောလက္ခဏာကို တစ်ခုသော မဟာဘုတ်က ဆောင်ယူခြင်းမရှိဘဲ မိမိ၏သဘောလက္ခဏာကိုသာ ဆောင်ရွက်နေခြင်းကြောင့် ဓာတ်မည်၏။ သဘာဝံဓာတေတီတိဓာတုံဟူသော ပါဠိစကားအရ မိမိ၏သဘောကို မိမိဆောင်သောကြောင့် ဓာတ်ဟူ၍ ခေါ်ဆိုသည်။ ဤဓာတ်ကြီးလေးပါးတို့သည် မိမိ၏သဘာဝအတိုင်းသာ ဆောင်ရွက်နေကြသည်မှာ မှန်ကန်ငြားသော်လည်း အမှီသကဲပြုစရာ ပထဝီဓာတ်မရှိပါက သဟဇာတပြုခြင်းငှာ မစွမ်းနိုင်ပေ။ (ဥပမာသော်ကား ရုပ်ဝတ္ထုပစ္စည်းတစ်ခုခုအား ကြွလွင့်စဉ်မသွားစေရန် Gravity ခေါ် ရုပ်ဝတ္ထုနှစ်ခုအကြား တစ်ခုနှင့်တစ်ခု ဆွဲငင်မှုဖြင့် ခိုင်ခံ့စွာ ထိန်းကွပ်ထားသော ရုပ်ဓာတ်သည် ပထဝီဓာတ်သဘော ဖြစ်သည်။)

အာပေါဓာတ်၏ သဘောကား–၎င်းဓာတ်၏ သဘောသဘာဝသည် အေးမြခြင်း၊ ယိုစီးခြင်း၊ ပျောင်းပျော့ခြင်း၊ ဖွဲ့စည်းခြင်း၊ ပေါင်းစုခြင်း၊ ချေဖျက်ခြင်း၊ သဘောလက္ခဏာရှိ၏။ မိမိနှင့်အတူတကွဖြစ်သော ရုပ်ဓာတ်တို့ကို ပေါင်းစုခြင်း

mgyoe.com

သဘောရှိ၏။ (ဥပမာကား–သတ္တုစရုပ်ဝတ္ထုပစ္စည်းများကို ပေါင်းစုစေလိုလျှင် မီးဖြင့် ကျိုချက်၍ ပျောင်းပျော့စေခြင်းအားဖြင့် ရောစပ်စေရသကဲ့သို့ ဖြစ်သည်။) တေဇောဓာတ်၏သဘောကား ဤသို့တည်း၊ တေဇောဓာတ်၏သဘာဝမှာ ကျန် မဟာဘုတ်ကြီး သုံးပါးတို့ထက်ပို၍ ထက်မြက်သော အစွမ်းသတ္တိကို ဆောင်သည်။ ပူလောင်စေခြင်း၊ ရင့်ကျက်စေခြင်း၊ ဓာတ်ငွေ့အဖြစ်၊ အခိုးအငွေ့အဖြစ်၊ မှုန့်မှုန့် ညက်ညက်ပြာကျစေခြင်း၊ အရောင်အဆင်းကို ပျောက်ပျက်လွင့်စဉ်စေခြင်း၊ နူးညံ့ သိမ်မွေ့သော လက္ခဏာကိုမပြုလုပ်ခြင်း သဘောလက္ခဏာကို ဆောင်၏။ အတို ချုပ်သဘောအဓိပ္ပာယ်ကား အလွန်ပူလောင်ပြင်းပြသော အဓိပ္ပာယ်ရ၏ (ဥပမာ သော်ကား သူရိယခေါ် နေလုံးကြီး၏ အပူရှိန်သည် အရာခပ်သိမ်းကို လောင်ကျွမ်း စေနိုင်သော သတ္တိရှိသကဲ့သို့ စကြဝဠာအတွင်း၌လည်း ပူလောင်မှုသဘော လက္ခဏာရှိမည်သာ ဖြစ်၏။

ဝါယောဓာတ်၏ သဘောကား၊ ဤသို့တည်း၊ ဝါယောဓာတ်၏ သဘော အဓိပ္ပာယ်မှာ ရွေ့လျားခြင်းသဘောဆောင်သည့် ဓာတ်ဖြစ်၏။ အရပ်တစ်ပါးသို့ ရွေ့လျားသွားခြင်း၊ ပြောင်းလဲတတ်သော သဘောလက္ခဏာရှိ၏။ တေဇောဓာတ် ၏ မဟာမိတ်ဖက်ဖြစ်လျက် စွမ်းအားသန်မြန်ဆန်ခြင်း၊ အဓိပ္ပာယ်ကိုရရှိ၏။ (ဥပမာသော်ကား မော်တော်ကား၊ မီးရထားတို့ထက် လေယာဉ်ပျံက မြန်ဆန်သကဲ့ သို့လည်းကောင်း၊ ကြိုးဖြင့် ဆက်သွယ်ပေးပို့ရသည့် ကြေးနန်းထက် လေလှိုင်း၊ အသံလှိုင်းတွေကို အသုံးပြု၍ပေးပို့သော ရေဒီယိုတယ်လီဖုန်း၊ အင်တာနက်ဖြင့် ပေးပို့သောစာ၊ အီးမေးလ်ဖြင့်ပေးပို့သော စာ၊ ဖက်စ်ဖြင့် ပေးပို့သောစာ ရုပ်ပုံလွှာတို့ ကပို၍ မြန်ဆန်သည့် သဘောရှိ၏။

ဝါယောဓာတ်၏မိခင်သည် တေဇောဓာတ်ဖြစ်သကဲ့သို့ ဝါယောဓာတ်၏ သန္ဓျိုင်းကား အာပေါဓာတ်ဖြစ်သည်။ အဋ္ဌသာလိနီအဋ္ဌကထာစကားအရ စိတ္တ သမုဋ္ဌာယပနဝါယောဓါတုယာ သဟဇာတံ ရူပကာယံသန္ထာပေတုံ သပတ္တောဇ ကော ကာယဝိကောရောအတ္ထိအယံဝိညတ္တိနာမ။ ပနစင်စစ်သော်ကား စိတ္တ သမုဋ္ဌာယ၊ စိတ်ကြောင့်ဖြစ်သော ဝါယောဓါတုယာ၊ ဝါယောဓာတ်၏သဟဇာတံ၊ တကွဖြစ်သော ရူပကာယံ ရူပကာယကို (ဝါ) ရုပ်အပေါင်းကို သန္ထာပေတုံ နိုင်စေ

mgyoe.com

ခြင်းငှာ၊ သဏ္ဍာပေတုံတည်စေခြင်းငှာ၊ ဓါရေတုံလှုပ်စေခြင်းငှါ၊ ပစ္စယော အထောက်အပံ့ကို သဝိတုံဖြစ်စေခြင်းငှာ သမတ္တောစွမ်းနိုင်သော ဧတောတစ်ခု တည်းသော အခြင်းအရာထူးသည် အတ္တိရှိ၏။ အယံ မိမိအလိုကို သိစေတတ်သော ဤအခြင်းအရာထူးသည် ဝိညတ္တိနာမကာယဝိညတ်မည်၏။ အဓိပ္ပာယ်ကား စိတ်၌ဖြစ်သော လေတည်းဟူသော ဝါယောဓါတ်၏ (ဝါ) ၎င်းစိတ္တဇဝါယော ဓာတ်ကို အကြောင်းပြုသဖြင့် အကျိုးဖြစ်ပေါ်စေသော ရုပ်နာမ်ခန္ဓာ၊ ကာယ ဝိညတ်၊ အစုစုအရပ်ရပ် ရုပ်ကလာပ်ပေါင်း၊ လှုပ်ရှားကြောင်းအလီလီ တည်ကြည် ခိုင်ခံ့၊ လန့်ဖျပ်တုံရှိက်၊ အလုံးစုံသိမ်းပိုက်လျှင် ဓာတ်၌ ကောက်ယူထောက်ပံ့ ကူသည်။ မူရင်းကျမ်းဂန်စိတ်၏သဘောကို ရှင်းလင်းရှာဖွေ အဓိပ္ပာယ်မိအောင် ဉာဏ်ဖြင့်ကြည့်နိုင်မှ ရုပ်၏သဘောကို သိနိုင်မည်။

သိနိုင်စရာ ရုပ်အပေါင်း၏မူကား – စိတ္တသမုဋ္ဌာယပနဆိုသော အဋ္ဌသာ လိနီအဋ္ဌကထာ ဆိုရင်းစကားကို ထောက်၍ စိတ်သည် ခန္ဓာငါးပါးတည်းဟူသော ကာယဝိညတ်နှင့် သဟဇာတပြု၍ ခန္ဓာငါးပါး ရုပ်နာမ်တရားကိုပင် ကာယဝိညတ် မြန်မာစကားအလိုအားဖြင့် ကာယဆိုသည်ကား ကိုယ်၊ ကိုယ်ဆိုသည်ကား ရုပ်၊ ရုပ်ဆိုသည်ကား ဖောက်ပြန်ပျက်စီးခြင်းကို ဟော၏။ ဝိညတ်ဆိုသည်ကား အသက်၊ အသက်ဆိုသည်ကားစိတ်၊ စိတ်ဆိုသည်ကား သိခြင်းစသည်ဖြင့် ဟော၏ဟူ၍ အိုင်ကလောင်ဓာတ်ဆရာကြီး ဦးလှိုင်က ထောက်ပြခဲ့သည်။

အဆိုပါ မဟာဘူတဓာတ်သဘာဝရုပ်တရားစုအတွင်း ပါဝင်ပတ်သက် မှုရှိနေသည့် လူသားသည် အဘယ်နည်းနှင့်မျှ မွေးသေဟုဆိုအပ်သော ဒုက္ခ (ဝါ) ဖြစ်ခြင်း ၊ ပျက်ခြင်းတည်းဟူသော သဘာဝဒုက္ခမှ လွတ်ကင်းနိုင်ပါအံ့နည်း။ ထိုသို့ဖြစ်ခြင်း၊ ပျက်ခြင်းသဘောမှ မလွတ်ကင်းနိုင်သော လူသတ္တဝါမှာ ကံအား လျော်စွာ အခြားအခြားသော သတ္တဝါအားလုံးတို့ထက် အသိဉာဏ်အရာ၌ အဆ ပေါင်းများစွာ သာလွန်မှု၏ အကြောင်းရင်းအဖြစ် ဦးနှောက်၏ အရွယ်အစားကြီး ထွားတိုးတက်လာခြင်းသည် အခြားသတ္တဝါများထက် အချိုးအစား ကြီးမားခြင်း ကြောင့်ဖြစ်သည်။

"ဦးနှောက်ဖွဲ့စည်းဖြစ်ပေါ်မှု အရွယ်အစားကြီးမားခြင်းသည် အသိဉာဏ်

mgyee.com

ကြွယ်ဝခြင်း (ဝါ) ဉာဏ်ထက်မြက်ခြင်း၊ သဘောကိုညွှန်ပြသည့် အချက်တစ်ခု ဖြစ်သည်။ ဦးနှောက်အရွယ်အစား ပို၍ကြီးမားသော တိရစ္ဆာန်သည် ဦးနှောက်အရွယ်အစားသည် ခန္ဓာကိုယ်ဖွဲ့စည်းပုံအရ အချိုးအစားမမျှတသော တိရစ္ဆာန် ထက်ပို၍ အသိဉာဏ်ကြီးကြောင်း သိပ္ပံပညာက ယေဘုယျသဘောလက်ခံထား၏။ ဒိုင်နိုဆောသည် ပဲစေ့မျှသော ဦးနှောက်အရွယ်အစားရှိသော သတ္တဝါဖြစ်ခဲ့သဖြင့် နို့တိုက်သတ္တဝါများအနက် ကုန်းနေသတ္တဝါ ဆင်သည်လည်းကောင်း၊ ရေနေ သတ္တဝါ လင်းပိုင်သည်လည်းကောင်း၊ အသိဉာဏ်အရှိဆုံးသော သတ္တဝါအဖြစ် တွေ့ရှိရပြီး ၎င်းတို့၏ အရွယ်အစားကြီးမားသော ဦးနှောက်ကြောင့်ဖြစ်သည်ဟု ဆိုသည်။ လူသတ္တဝါသည် ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာဂြိုဟ်ပေါ်တွင် အားလုံး သောသတ္တဝါတို့ထက် ၎င်း၏ကိုယ်ခန္ဓာဖွဲ့စည်းပုံနှင့် ဦးနှောက်အရွယ်အစား တည်ရှိပုံ အချိုးအစားအရ အကြီးမားဆုံးဖြစ်၍ အသိဉာဏ်အရာ၌လည်း အကြီးမား ဆုံးဖြစ်ရသည်ဟု သိပ္ပံပညာက ဆိုထားသည်။

လူသားသည် အာရုံ (၆) ပါး ထိတွေ့ခံစားရာတွင် အတိတ်ကာလ၌ ဖြစ်ပျက်ပြောင်းလဲခဲ့သည့်သဘောကို သင်ခန်းစာယူ၍ ပစ္စုပ္ပန်ကာလအတွက် အသုံးချနိုင်ခြင်းကြောင့် အနာဂတ်ကာလအတွက် ကြိုတင်ပြင်ဆင်နိုင်သည့် တွေးခေါ်ဆင်ခြင်နိုင်သည့် စွမ်းအားရရှိ ပိုင်ဆိုင်ထားသည်။ လူသားသည် သေဆုံး ပြီးသည်၏ နောက်ကာလအထိ ကြံစည်တွေးတော၍ ယခုလက်ရှိဘဝထက် ပိုမို ကောင်းမွန်သည့် ဘဝကိုလိုလားတောင့်တမှု၏ ဆွဲဆောင်မှုကြောင့် နောက်ဘဝရှိ ကောင်းရှိနိုင်၏ဟူ၍ မှန်းဆခဲ့ကြပြီး အကယ်၍ နောက်ဘဝရှိခဲ့လျှင် ယခုဘဝထက် မြင့်မြတ်သာလွန် ပြည့်စုံသည့်ဘဝသို့ ရောက်ရှိရေးအတွက် မျှော်မှန်းတမ်းတခဲ့ လေသည်။ ထို့ကြောင့် လူသားသည် ၎င်းရရှိနေသည့် လူ့ဘဝမှာ လမ်းဆုံလမ်းခွသို့ ရောက်ရှိနေခြင်း ဖြစ်သည်ဟု တွေးခေါ်ယုံကြည်လာခဲ့သည်။ ယခုလက်ရှိဘဝထက် သာလွန်ကောင်းမွန်သည့် နောက်ဘဝကို လိုလားလာခဲ့သည်။ ယခုလက်ရှိဘဝ ထက် နိမ့်ကျညံ့ဖျင်းမည့်နောက်ဘဝကို လူသားက မလိုလားခဲ့ပေ။ ထို့ကြောင့် သာလွန်ကောင်းမွန်သည့် နောက်ဘဝရရှိရေးအတွက် နည်းလမ်းကို ကြံစည်တွေး ခေါ်ခဲ့သည်။ လူသားသည် တန်ခိုးအာဏာရှိသူထံ ဆုတောင်းရရှိနိုင်အံ့ထင်၍

mgyoe.com

mgyoe.com

တန်ခိုးအရာကြီးမားသည်ဟု ထင်မြင်ယူဆသည့် မီးနတ်၊ ရေနတ်၊ လေနတ်၊ မြေစောင့်နတ် စသည်တို့ကို စိတ်ကူးပုံဖော်ပူဇော်ခဲ့ကြရာမှ နောက်ဆုံးတွင် သိကြားမင်း၊ ဗြဟ္မာမင်း၊ နတ်မင်းကြီးလေးပါးစသည့်ဖြင့်လည်းကောင်း၊ ထာဝရဘုရားသခင်စသည်ဖြင့်လည်း စိတ်ကူးပုံဖော်ဝပ်တွားပူဇော်မှုများ ယနေ့တိုင်ရှိနေခဲ့တော့သည်။

ကမ္ဘာ့ဘာသာ ယုံကြည်ကိုးကွယ်မှု အသီးသီးတို့၌ လူနေမှုဘဝ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန် နည်းလမ်းညွှန်ပြသည့် လောကနီတိကျမ်းစာများနှင့် နောက်ဘဝကောင်းစားရေး၊ ထာဝရပျော်ရွှင်စွာ နေထိုင်သွားနိုင်မည့် ဘုံဘဝရောက်ရှိရေး၊ မွေးလိုက်သေလိုက် လှည့်ပတ်ဖြစ်ပေါ်နေသည့် သံသရာမှ လွတ်မြောက်ရေးစသည့် ရည်မှန်းချက်ပန်းတိုင်များကို ချမှတ်ခဲ့ကြသော်လည်း တိတိကျကျလမ်းပြသည့် အခြေအနေပင်မရှိခဲ့ကြပေ။ သို့သော် ဗုဒ္ဓဘာသာ၏ နိဗ္ဗာန်ဟူသော ရည်မှန်းချက်ပန်းတိုင်မှာ သဘာဝယုတ္တိ၊ အာဂမယုတ္တိ၊ ဒေသနာယုတ္တိ၊ အားဖြင့် တိကျခိုင်မာသော သဘောတရားဖြစ်သည်ကို လေ့လာတွေ့ရှိရလေသည်။ နတ်ပြည်၊ ဗြဟ္မာပြည်၊ စသည်တို့တည်ရှိ သော နေရာဌာနတို့ကိုမူ သဘာဝယုတ္တိခိုင်လုံမှုမရှိသည့် ရှင်းပြချက်များဖြစ်သည့် မြင်းမိုရ်တောင်ကလပ်၊ တောင်စဉ်ခုနစ်ထပ်၊ အနောဝရတ်အိုင်၊ ဂန္ဓမာဒနတောင်တို့မှာ စိတ်ကူးပုံဖော်လူအများ၏ အာရုံကိုဆွဲယူခေါ်ပြီး မသေချာသည့်အတွေးကို မရေမရာနှင့် အဆုံးသတ်ထားသည်ကို တွေ့ရသည်။

စာရေးသူသည် ငယ်စဉ်ဘဝကပင် နိဗ္ဗာန်ဟူသော စကားကိုမှတ်သားခဲ့ရပြီး ၎င်း၏အဓိပ္ပာယ်ကို အဖြေရှာခဲ့မိသည်။ ပထမဆုံးသော တစ်ဆင့် စကားကြားနာသိရှိမှတ်သားခဲ့သည်မှာ နိဗ္ဗာန်ဆိုတာဘာမျှ မရှိတာကိုပြောခြင်းဖြစ်ရာ ဥပမာအားဖြင့် မီးခိုးတိမ်တောင်တို့သည် အာကာသထဲ၌ တဖြည်းဖြည်း ပျောက်ကွယ်သွားသည်နှင့် တူသယောင်ယောင် ကြားသိခဲ့ရသည်။ ကျောင်းသားဘဝသို့ရောက်လာသည့်အခါ နိဗ္ဗာန်ဆိုသည့်စကားသည် ကုလားစကားမှ ကူးပြောင်းရယူထားခြင်းဖြစ်ပြီး၊ နိမ်း+ဗာန.နိမ်း။ မရှိခြင်း၊ ဗာန–အညစ်အကြေးပေးကျံနေခြင်း၊ တစ်နည်းအားဖြင့် ဖြူစင်သန့်ရှင်းခြင်းဟူသော အဓိပ္ပာယ်ဟူ၍ သိရှိနားလည်ခဲ့ရပြီး၊

mgyoe.com

စိတ်၏အညစ်အကြေးကင်းစင်ခြင်း၊ စိတ်ကြည်လင် ဖြူစင်သန့်ရှင်းနေခြင်းဟူ၍ သဘောပေါက်လာခဲ့ရသည်။ အသက်အရွယ်ကြီးလာသည့်နှင့်အမျှ စာပေဗဟုသုတနှင့် ဗုဒ္ဓ၏တရားဓမ္မများကို ကြားနာမှတ်သားလေ့လာမှုများသည့် ယခုအသက်အရွယ် ရောက်လာချိန်မှသာလျှင် အမှတ်မှား၊ အစွဲမှား၊ အယူမှား ...ဟူသော ကိလေသာ အညစ်အကြေးစိတ်၏ ရှုပ်ထွေးပွေလီမှုများကို ဖယ်ရှားရှင်းလင်းအနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းကို ဆိုလိုကြောင်းသဘောပေါက်ခဲ့သည်။ သို့ရာတွင် ပြည့်စုံစွာနားလည်သဘောပေါက်ခြင်းတော့ မဟုတ်သေးပေ။ ဗုဒ္ဓဟောကြားတော်မူခဲ့သည့် နိဗ္ဗာန်၏အနက်သဘောမှာ အလွန်တရာနက် နဲကျယ်ဝန်းများပြားလှပေသည်။ အချို့ချို့သော ဗုဒ္ဓဘာသာဝင်များမှာ နိဗ္ဗာန်ကို နေရာဌာနတစ်ခုဟူ၍ ပင် နားလည်ခဲ့ကြသည်လည်း ရှိသေး၏။ နိဗ္ဗာန်၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် များပြားလှစွာ ရှိနေရာ၌ အချို့သော ရဟန်းပညာရှိ၊ လူပညာရှိပုဂ္ဂိုလ်များက ၁၁ မျိုး၊ ၃၆ မျိုး၊ ၄၆ မျိုးစသည်ဖြင့် ပါဠိစာပေကျမ်းဂန်များကို ကိုးကားထုတ်နုတ်ခဲ့ကြသည်ဟု လေ့လာမှတ်သားခဲ့ရသည်။

ကမ္ဘာ့ပညာရှင်အချို့ကမူ နိဗ္ဗာန်၏အဓိပ္ပာယ်ကို အလွန်တရာသိမ်မွေ့နက်နဲခက်ခဲသည့် အဓိပ္ပာယ်အဖြစ် သဘောထားကြသည်။ အမှန်မှာ အချို့သော ရဟန်းပညာရှိများ ဖွင့်ဆိုထားသကဲ့သို့ ဖြစ်ချင်မှု၊ ရချင်မှု၊ လိုချင်မှု၊ ပိုင်ဆိုင်လိုမှု မရှိရာသည် နိဗ္ဗာန်၊ သတ်ဖြတ်ညှဉ်းဆဲလိုမှု၊ ဝမ်းနည်းပူဆွေးမှု၊ ငိုကြွေးသောကဗျာပါဒမရှိရာ၊ ကြောင့်ကြပူပန် ဒေါသမာန်မာနမရှိရာ မနာလိုဝန်တိုစိတ်မရှိရာသည် နိဗ္ဗာန်၊ အမှားကိုမြင်၊ အမှန်ကိုဆင်ခြင် နှလုံးသွင်းမှုဖြင့် သစ္စာနှင့်လျော်သည့် အသိဉာဏ်သည်နိဗ္ဗာန်ဟူ၍ အဓိပ္ပာယ်ကောက်ယူ၍ အခိုင်အမြဲမယိုင်လဲနိုင်သောသဒ္ဓါ၊ နည်းလမ်းမှန်ကန် အတော်အတန်ဖြစ်သည့်ဝီရိယ၊ အမြဲမပြတ်မလစ်လပ်သည့်သတိ၊ မည်သည့်အရာမျှ အစဉ်ထာဝရ ခိုင်မြဲတည်တံ့ခြင်း မရှိဟူသောအမြင်၊ ဘာတစ်ခုမျှ ချမ်းသာမှုဟူ၍မရှိဘဲ နှိပ်စက်ခြင်းခံနေရသော မနှစ်သက်ဖွယ်ရာ၊ ရွံရှာဖွယ်ရာ၊ ကြောက်လန့်ဖွယ်ရာသာရှိသည်ဟူသောအမြင်၊ ဘာတစ်ခုကိုမျှ ကိုယ်ဖြစ်ချင်သလိုမဖြစ်၊ သူ့သဘောနှင့်သူဖြစ်၍ သူ့သဘောနှင့် သူပျက်နေမှုသာရှိပါတကားဟူသော ဆုံးဖြတ်ချက် (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)

mgyoe.com

လက္ခဏာတင်၍ ဆင်ခြင်သုံးသပ်အထပ်ထပ် ပွားများသွားလျှင် ယခုဘဝမှာပင် ကိလေသာ ကင်းစင်၍ နိဗ္ဗာန်ကို တွေ့မြင်မျက်မှောက်ပြုနိုင်သော အရာဖြစ်သည်။ ကိလေသာအထပ်ထပ် ရစ်ပတ်ဖွဲ့နှောင်ခံနေရသူ အရှုံးရောဂါသည် ပုထုဇဉ် အတွက် နာတာရှည်ရောဂါနှင့်တူသည့် လူသားခံစားနေရသည့် ဒုက္ခမှ လွတ်ကင်း စေရန်တစ်ခုတည်းသော ဆေးနည်းမှာ မသိမှု အဝိဇ္ဇာကို ဖယ်ရှား၍ အသိဉာဏ် ပညာဆေးဝါးဖြစ်သည်။ ကုစားရန်နည်းပေးညွှန်ပြအဆုံးအမပေးခဲ့သည့် ရှင်တော် ဂေါတမမြတ်ဗုဒ္ဓသည် ကမ္ဘာလောကတွင် တစ်ပါးတည်းသော သမားတော်ကြီး အဖြစ် ပေါ်ပေါက်တော်မူခဲ့သည်။

နိဗ္ဗာန်အကြောင်းနှင့်စပ်လျဉ်း၍ စာရေးဆရာချစ်ငယ် (ဗုဒ္ဓဒသသန) နှင့် ဦးကျော်နိုင် (ပထမကျော်၊ အဂ္ဂမဟာအကျော်ဝဋ္ဋသကာ) တို့ ရေးသားသည့် ဆောင်းပါးကို ၂၀၀၃ ခုနှစ်က မြန်မာ့အလင်းသတင်းစာတွင် ဖတ်ရှုခဲ့ရပါသည်။ ဦးကျော်နိုင်၏ဆောင်းပါးတွင် "နိဗ္ဗာန်သည် ဗုဒ္ဓသာသနာတွင် အရေးအကြီး ဆုံးသော ပြဿနာဖြစ်သည်။ သာသနာတော်တွင် နေလိုလလို ထင်ရှားသော ဆရာတော်ကြီးများအကြား၌ပင် အယူအဆ မတူညီကြသည်ကို တွေ့ရသည်။" ဟူ၍ ရေးသားထားသည်။ စာရေးသူကိုယ်တိုင်သည်လည်း နိဗ္ဗာန်ဆိုသည့်သဘော ကို စကားလုံးအသုံးအနှုန်း အဓိပ္ပာယ်နှင့်တကွ ငယ်ရွယ်စဉ်ကာလမှစ၍ စိတ်ဝင် တစား စူးစမ်းကြည့်မိခဲ့ရာ နိဗ္ဗာန်တည်းဟူသော သဘာဝတရားသည် လောကတွင် ဗုဒ္ဓမပွင့်ထွန်းမပေါ်မီ ကမ္ဘာဦးအစကပင် သူ့အလိုအလျောက် အသခ်တခတ် အနေဖြင့် မပြောင်းမလဲထာဝရ ခိုင်မြဲစွာတည်ရှိနေခဲ့သည့် ငြိမ်းချမ်းမှု၊ ငြိမ်းအေး မှုသဘော (equanimity or serenity) ဖြစ်သည်။ စကြဝဠာ ကမ္ဘာလောက ခတ်ကြီးအတွင်း သဘာဝတရားသည် ဆန့်ကျင်ဘက်သဘောဆောင်သော အစုံ အစုံအလိုက်ဖြစ်သော ဒွိစုံတရားမြောက်မြားစွာတို့သည် ယှဉ်တွဲလွန်ဆွဲ တည်ရှိ ခြင်းကြောင့် အားသာသည့်ဘက်သို့ ဖြစ်တည်ပျက် သဘောဖြင့် စဉ်ဆက်မပြတ် ပြောင်းလဲလျက်ရှိသော်လည်း နိဗ္ဗာန်မှာ မည်သည့်အကြောင်းကြောင့်နှင့်မျှ မပြောင်းလဲဘဲ အမြဲတည်ရှိနေခြင်း ဖြစ်သည်။ လောကကြီး၏ ဆန့်ကျင်ဘက် သဘောတရားများတွင် အပူနှင့်အအေး၊ အဖြူနှင့်အမည်း၊ အဖိုနှင့်အမ၊ သုခနှင့်

mgyoe.com

ဒုက္ခ၊ ဝိဇ္ဇာနှင့် အဝိဇ္ဇာ၊ ဉာဏနှင့်အဉာဏ စသည်တို့ရှိကြသကဲ့သို့ စိတ်ပူပန်ဆင်းရဲမှုနှင့် စိတ်၏ငြိမ်းအေးမှုသည် မလွဲမသွေရှိနေသည့်တရား ဖြစ်သည်။ ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်သည့် စိတ်၏ငြိမ်းချမ်းမှုကို နိဗ္ဗာန်ဟုဆိုသည်။ လောကခံတရားပြင်ပအာရုံများ၏ ရိုက်ခတ်ခြင်းကြောင့် လောဘဒေါသမဖြစ်မှုအား မည်သည့်အရာမျှ နှောင့်ယှက်ဟန့်တားခြင်းငှာ မစွမ်းသော အခြေအနေကို နိဗ္ဗာန်ဟုဆိုလိုကြောင်း နားလည်သဘောပေါက်ခဲ့သည်။

ကိလေသာ မကင်းစင်သည့် ပုထုစဉ် (ဝါ) အမှားအယွင်းကို အစဉ်အမြဲပြုလုပ်လေ့ရှိသူသည် အရူးနှင့်တူသည်။ အရူးရောဂါပျောက်ကင်းရေးအတွက် ရှေးဦးစွာ တိုက်ကျွေးရမည့်ဆေးမှာ စိတ်ငြိမ်ဆေးဖြစ်သကဲ့သို့ ကိလေသာသည် စက်ဆုပ်စရာ မသတီစရာ၊ ကြောက်စရာလန့်စရာ အဖြစ်မြင်၍ မလိုချင်၊ မရချင်အောင် အမှန်ကိုမြင်နိုင်သည့် ဉာဏ်ပညာအလင်းရောင်ဆေးကို တိုက်ကျွေးရမည် ဖြစ်သည်။

"အဝိဇ္ဇာပိတ်ခါဆို့ မိစ္ဆာမြို့ပြင်ပြင် ဣဋ္ဌာလို့ထင်မြင်ပါလျှင် လွန်စင်မည်မလွဲ၊ အရိုးစုအပုပ်ကောင်ကို အဟုတ်ရောင်မှားဖို့ဖန်နည်း။ အသုဘရုပ် တစ္ဆေရယ် မဟုတ်လေ ကိုယ်ထဲ၊ အပုပ်ရည်စိုရွှဲလို့ ယိုမစဲသူမှာ၊ သွေးသည်းခြေ ပြည်သလိပ်တွေက တည်မဆိပ်လျှမ်းပြည့်သည့်သာ။ သို့ကလောက်ပ ရွံ့စရာကို လွန်တဏှာမက်စွဲလို့ စက်ဝဲမှာတ ပေပေ မွန်းနစ်ကြပေ။ တဏှာဖမ်းတဲ့ အကန်းတွေမှာ အပမ်းမပြေဟိုက်မောရှာကြလေး။ တဏှာပူးတွဲအရူးတွေမှာ အမူးမပြေမေ့မြောရှာကြလေး။ တဏှာကြိုက်တဲ့ ငမိုက်တွေမှာ အဟိုက်မပြေပင်ပန်းရှာကြလေး။" ဟူ၍ မြန်မာ့စာဆိုတော် ပညာရှင်ကြီး တစ်ဦးကတေး သီချင်းဖြင့် ရင့်ကျူးခဲ့ဖူးလေပြီ။

ဆိုလိုသည်မှာ အမှားအမှန် ဝေဖန်ပိုင်းခြား မသိနားမလည်မှု အဝိဇ္ဇာ၏ ဖုံးအုပ်ပိတ်ဆီးကြီးစွာသော အမှောင်ထုကြီးကာကွယ်တားဆီးမှုကြောင့် လောဘမီး၊ ဒေါသမီး၊ မောဟမီး အလောင်ခံနေကြရသူ ပုထုဇဉ်များအားညွှန်းဆိုခြင်း ဖြစ်သည်။ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် ဆေးဆရာကြီးအဖြစ်ဖြင့် ကိလေသာ အရူးရောဂါစွဲကပ်သူဝေနေယျများအပေါ်တွင် ရင်ဝယ်သားနှင့်မခြား အလားတူစွာ ကြင်နာ

mgyoe.com

သနားတော်မူသဖြင့် အစားမှား၍ အဆိပ်ကိုမျိုချမိသော နို့စို့အရွယ် ရင်သွေးငယ်၏ မိခင်သည် မိမိကလေးငယ်၏ ပါးစပ်အာဂလောင်အတွင်း လက်သွင်းကာ ကလေးငယ်၏ ပါးစပ်ခံတွင်း နာကျင်စေခြင်းကို မပြုလုပ်လိုသော်လည်း ကလေးငယ်၏ အသက်မဆုံးစေရအောင် ဖွတ်မိုတ်၍ ကြံဆောင်အားထုတ်လေသကဲ့သို့ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် လောကီဘုံသား ဝေနေယျသတ္တဝါအများတို့အား ဝိနည်းစည်းကမ်းတွေ အထပ်ထပ်ဖြင့် အတင်းကျပ်ဆွဲခေါ်တော်မူခဲ့ပြီး သံသရာ အဆက်ဆက်မှ အထင်မှား၊ အမှတ်မှား၊ အယူမှား တရားဆိုးများ၏ ထိပ်ခေါင် အဝိဇ္ဇာအမှောင်ကို ဝိဇ္ဇာအလင်းရောင်ဖြင့် ဖယ်ရှားပေးတော်မူခဲ့လေသည်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေဖြင့် အခြေခံအကျဆုံး ယုံကြည်ချက်အဖြစ်၊ ကံနှင့် ကံ၏အကြောင်းတရား အကျိုးတရားကို စွဲမြဲစွာယုံကြည်ရမည်ဖြစ်သော်လည်း ကံကိုအားကိုးအားထားခြင်းထက် ဉာဏ်ကိုသာ အားကိုးရန်ဟောကြားထားသည်။ ပညတ်နှင့်ပရမတ်ကို ခွဲခြားနားလည်ရမည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါသူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟူ၍ မမြင်ဘဲ ရုပ်နှင့်နာမ်တရားစုမျှသာ ဖြစ်ကြောင်းမြင်ရမည်။ ငါဟူ၍ ပြောဆိုသုံးနှုန်းရမည်ဖြစ်သော်လည်း အထင်ငါ၊ အစွဲငါကို ဖယ်ရှားရမည်စသဖြင့် ဂျိန်းဘာသာနှင့် ဆန့်ကျင်လျက်သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ စသည့်မှားယွင်းသည့် အစွဲအလမ်းများ ဦးစွာဖယ်ခွာရေးကို ဗုဒ္ဓဘာသာတွင် ဟောကြားထားသည်။

အလားတူစွာပင် ကမ္ဘာ့ဘာသာ ယုံကြည်ကိုးကွယ်မှုများ ဖြစ်ကြသည့် ဇိုရိုအာဆရီးယား (ဝါ) ပါစီဘာသာ၊ ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလမ်ဘာသာများတွင်လည်း ၎င်းတို့၏ ဘာသာအလိုက် ကျင့်စဉ်များနှင့် အဆုံးစွန်ရည်မှန်းချက် ပန်းတိုင်အသီးသီး သတ်မှတ်၍ ဝတ်ပြုကိုးကွယ်ကြသည်။ ထိုနည်းတူစွာ အိန္ဒိယနိုင်ငံအတွင်း၌သာ အများဆုံး ယုံကြည်ကိုးကွယ်လျက်ရှိသော ဟိန္ဒူဘာသာ၊ ဂျိန်းဘာသာနှင့် ဆစ်ခ်ဘာသာများတွင်လည်း အခြေခံကျင့်စဉ်နှင့် အဆုံးစွန်ရည်မှန်းချက် ပန်းတိုင်အသီးသီးရှိနေကြသည်။

ယခုရေးသားတင်ပြထားသည့် "နှိုင်းယှဉ်လေ့လာခြင်းမှ တွေ့ရှိရသော ကွဲပြားခြားနားသည့် ယုံကြည်ကိုးကွယ်မှုများအတွင်းမှ စိတ်၏ငြိမ်သက်မှုများ"

အမည်ရှိသော ဤစာအုပ်တွင် ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှုပေါင်း (၈) မျိုးဖြင့် ကွဲပြားခြားနားသော ဘာသာတရားများရှိရာ၊ ထိုကဲ့သို့ ကွဲပြားခြားနားသည့် ယုံကြည်ကိုးကွယ်မှုများတွင်း သက်ဆိုင်ရာ ဘာသာဝင် အသီးသီးတို့သည် စိတ်ကို ငြိမ်သက်မှုရရှိစေနိုင်သည့် ကျင့်စဉ်များနှင့် ငြိမ်းချမ်းမှုရရှိစေနိုင်သော ကျင့်စဉ်များ ပါဝင်နေသည်ကို တွေ့ရှိရပါသည်။ ယင်းသို့ မိမိတို့ယုံကြည်ရာ သက်ဆိုင်ရာ ဘာသာဝင်အသီးသီးတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက် လူသားတစ်ရပ်လုံး ရင်ဆိုင် တွေ့ကြုံကြရဦးမည့် သဘာဝကပ်ဘေးအန္တရာယ်ကြီးများကို အတူတကွ ကြံ့ကြံ့ခိုင်၍ အနိုင်ယူရန် စုပေါင်းကာကွယ်နေကြရမည် ဖြစ်သည်။ ကမ္ဘာကြီးသည် စကြဝဠာ ခရီးရှည်ကြီးကို ဖြတ်သန်းသွားနေစဉ် မတူကွဲပြား ယုံကြည်ကိုးကွယ်မှု ခြားနားကြသော်လည်း တစ်လှေတည်းအတူစီး၍ တစ်ခရီးတည်း အတူသွားနေကြသည့် လူသားအချင်းချင်း ချစ်ကြည်ရင်းနှီးနေကြရမည် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်၊ ပတ္တနားမြို့၊ (ဗုဒ္ဓလက်ထက်၊ ပါဋလိပုတ်မြို့) မဂဓတက္ကသိုလ်၌ နှစ်ပေါင်းများစွာ ဒဿနိကဗေဒဌာန၊ ပါမောက္ခတစ်ဦးအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့သူ ဒေါက်တာဝိုင်–မဆိခ် (DR-Y.Masih) က "ကမ္ဘာ့ဘာသာ ယုံကြည်ကိုးကွယ်မှုများအား နှိုင်းယှဉ်လေ့လာချက်" ဟူသော စာအုပ်ကို ရေးသားခဲ့သည်။ စာရေးသူသည် အဆိုပါစာအုပ်ကို စိတ်ဝင်စားမှုရှိသဖြင့် အကြိမ်များစွာ ဖတ်ရှုလေ့လာခဲ့ပြီး မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့ပါသော်လည်း မြန်မာပြန်မူပိုင်ခွင့်ပြုရေးကိစ္စကို သက်ဆိုင်ရာစာအုပ်တိုက်နှင့် ညှိနှိုင်းထားစဉ်အတွင်း ယခုရေးသားတင်ပြသည့် "နှိုင်းယှဉ်လေ့လာခြင်းမှ တွေ့ရှိရသော မတူညီသည့် ယုံကြည်ကိုးကွယ်မှုများအတွင်းမှ စိတ်၏ငြိမ်သက်မှုများ" ဟူသော စာအုပ်ကို အရင်ထုတ်ဝေရန် စီစဉ်ခဲ့ရပါသည်။ အကြောင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်လျက်ရှိသော ဘာသာအသီးသီးတို့သည် မိမိယုံကြည်ကိုးကွယ်သည့် ဘာသာတရားအပေါ်တွင် ပို၍ပို၍ လေးနက်တည်ကြည်သော အသိအမြင်ဖြင့် ကြည်ညိုနိုင်ကြစေရန် ရည်ရွယ်ချက်ထားရှိကြရန် လိုအပ်လှပါသည်။

ဘာသာယုံကြည်ကိုးကွယ်မှုဆိုသည်မှာ လူတစ်ယောက်၏ နှလုံးသား၌

mgyoe.com

mgyoe.com

ကိန်းဝပ်တည်ရှိအပ်သော အရာဖြစ်သလို စိတ်၏ငြိမ်းချမ်းမှုဆိုသည်မှာလည်း စိတ်နှလုံးသား၌သာ တည်ပေသည်။ ထိုသူ၏ စိတ်နှလုံးသား၌ တည်သောအရာကို ထိုသူကိုယ်တိုင်သာလျှင် ဆင်ခြင်နှလုံးသွင်းမှုဖြင့် သိနိုင်သောအရာဖြစ်၍ သူ ကိုယ်တိုင်သာလျှင် သူ၏စိတ်ငြိမ်းချမ်းမှုကို ခံစားနေရုံမှတစ်ပါး အခြားသူ တစ်ဦး ဦးသို့ ခွဲဝေမျှယူစေ၍ မရသောအရာ ဖြစ်သည်။ ထို့ကြောင့် တစ်ဦးတစ်ယောက် သော သူက မိမိယုံကြည်သဒ္ဓါဖြစ်ပွားသလို အခြားသော ပုဂ္ဂိုလ်များအားလည်း သဒ္ဓါကြည်ညိုပြောဆိုတိုက်တွန်း ဆင်နှင့်ချွန်းသို့ တွန်းပို့သူကို ကောင်းစေလို၍ ဝေဖန်ပြောဆိုချီးမွမ်းပို၍ ငရဲဘုံနှင့်ခြောက်၊ နတ်ဘုံမြှောက်သော်လည်း သဘာဝ တရားကို ကျော်လွန်၍ မည်သည့်အရာမျှ မဖြစ်နိုင်ဟူသော အသိမရှိကြသော ကြောင့် သူများပါးစပ်ဖျားလမ်းဆုံးလျက် စာရေးသူ၏မိတ်ဆွေ ရှမ်းအမျိုးသား ပြောပြသည့်စကားလို ဖြစ်နေကြသည်။ ၁၉၇၀ ခုနှစ်ခန့် ဗကပသောင်းကျန်းသူ များ အင်အားကောင်းနေချိန်အချိန် နမ့်ခမ်းမြို့တွင် မကဖ တာဝန်ဖြင့် ရောက်ရှိနေ စဉ် နယ်မြေလုံခြုံရေးအခြေအနေအရ နမ့်ခမ်းမြို့ပေါ်၌သာ သွားနေထိုင်ကြရသည့် အားလျော်စွာ ဝန်ထမ်းများသည် မိမိတို့နှင့် သဟဇာတဖြစ်သည့် မိတ်ဆွေအပေါင်း အသင်းများနှင့် ဝါသနာပါရာပြောဆိုရယ်မောခပ်သောသော နေခဲ့ရသည့်အချိန် ကာလ ဖြစ်သည်။ တစ်နေ့တွင် ဘာသာရေးအကြောင်းပြောရင်း ရှမ်းလူမျိုးများ ရိုးသားကြိုးစားမှုနှင့် သဒ္ဓါတရားအားကြီးပုံ စသည်တို့ကို စာရေးသူက ချီးမွမ်းပြော ဆိုရာ ရှမ်းအမျိုးသားမိတ်ဆွေက "မိတ်ဆွေကြီး ဒီလောက်ကြီးလည်း ကျွန်တော်တို့ ရှမ်းလူမျိုးတွေကို ချီးကျူးမနေပါနဲ့ဦး၊ ကြိုးစားမှုနှင့် သဒ္ဓါတရား ကြီးမားတယ် ဆိုတာကိုတော့ လက်ခံပါတယ်။ ဒါပေမယ့် ရိုးသားတယ်ဆိုတာထက် ရိုးတယ် အ,တယ်ဆိုရင် ပိုမှန်ကန်ပါလိမ့်မယ် ထင်တယ်။" ဟူ၍ စကားစလာသည်။

"မိတ်ဆွေ မဟုတ်တာဗျာ မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် ရိုးရိုးသားသား ပြောတာပါ" ကျွန်တော်က ပြန်ပြောဆိုရာ သူက –

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် မုသား မပြောပါဘူး၊ ကျွန်တော့်အဘိုးပြော ခဲ့ဖူးတယ်၊ သူ့ရွာကို အသက်အရွယ်ငါးဆယ်ခန့်ရှိမည်လို့ ထင်ရတဲ့ ဘုန်းကြီး တစ်ပါးရောက်လာတယ်တဲ့ ရုပ်ရည်ကလည်း ခံ့ခံ့ညားညား သီတင်းသုံး နေထိုင်ပုံ

mgyoe.com

mgyoe.com

ကလည်း သားသားနားနားဆိုတော့ ကြည်ညိုစရာပေါ့ အဲဒီအပြင် အဟော အပြောက နားထောင်သူကို ဆွဲဆောင်နိုင်တယ်ဗျ။ ရှမ်းလူမျိုး ကျောင်းထိုင် ဘုန်းကြီးကတော့ ရှမ်းဘာသာစကားနဲ့တော့ ဥပုသ်နေ့တိုင်း တရားဟောနေတယ် ပေါ့ဗျာ၊ ဒါပေမယ့် အသစ်ဆန်း တရားဆန်းကလေးများ နာကြားရမလားဆိုပြီး နောက်ဥပုသ်နေ့တွေမှာ တရားဟောကြားချီးမြှင့်ပေးဖို့ ဝိုင်းလျှောက်ထားကြတာ ပေါ့ဗျာ၊ အဲ့ဒီအာဂန္တုဘုန်းကြီးကလည်း နောက်ဥပုသ်နေ့မှာ ဟောကြားပေးရန် လက်ခံလိုက်တယ်။ ဒါနဲ့ နောက်ဥပုသ်နေ့ရောက်တော့ တစ်ရွာလုံး လူကြီးလူငယ် မကျန် ကျောင်းတက်တရားနာလာကြတာပေါ့ဗျာ။ အဲဒီဗမာလူမျိုး အာဂန္တုဘုန်းကြီး ကလည်း တရားဟောပလ္လင်ပေါ်တက်လာပြီး ကန်တော့ခံ၊ ဆုပေးရာကစတော့ တာပေါ့ဗျာ၊ အသံသြဇာကောင်းကောင်း စာသံပေသံပါဠိစကားလုံးများကို ခပ်များ များသုံးပြီး သီလပေး၊ မေတ္တာပို့ပြီး သုတ္တန်ဒေသနာတရားတစ်ပုဒ်ကို ဟောကြားခဲ့ ပါတယ်။ ပရိသတ်၏ စိတ်ပါဝင်စားမှု ရှိ မရှိအကဲခတ်သည့်အနေဖြင့် ပလ္လင် ပေါ်ကနေပြီး ပရိသတ်ကို မကြာခဏ လှမ်းလှမ်းကြည့်တတ်တဲ့ တရားနာ ပရိသတ် များအားလုံး ခေါင်းငုံ့ပြီးတရားကို အာရုံစိုက်နာယူနေကြတယ်တဲ့၊ ဒါပေမဲ့ တရားနာပရိသတ်ထဲက လူတစ်ယောက်ကတော့ တရားဟောနေသည့် ဘုန်းကြီးကို မယုံသင်္ကာမျက်နှာနဲ့ ပြန်ကြည့်နေတာကို တွေ့မြင်သွားတာပေါ့ဗျာ၊ ဓမ္မကထိက အာဂန္တုဘုန်းကြီးက သဘောပေါက်နားလည်သွားပြီး တရားကို နိဂုံးကမ္ပတ် အဆုံးသတ်ဟောကြားလိုက်ပုံက "ငါကိုယ်တော်ဟောကြား မြတ်တရားကို သင်္ကာ မကင်း အကြည့်ချင်းဆုံ မယုံသင်္ကာမဖြစ်ပါနဲ့ ဟိုနောက်နားကအကောင် အသား ရောင်ကမည်းမှောင်၊ ဟိုထဲမှာ အတူကြာ မင်းနဲ့ငါနေခဲ့ကြ၊ ဗမောက်တရာ မင်းရောက်လာသကိုး၊ တေတေကနှိပ်၊ တိတ်တိတ်ကနေ၊ စံမတာကြား၊ စားမတာ ကြုံ၊ အဟောသုခံဝတ ချမ်းသာလှပေစွ၊ အမတမှန် မြတ်နိဗ္ဗာန်ကို ရက်တိုတိုကျင့် စခန်းကနေ အလျင်အမြန် တက်လှမ်းနိုင်ကြစေကုန်တည်း။" ဟူ၍ တရားချ လိုက်တော့ ကျွန်တော်တို့ ရှမ်းလူမျိုး တရားနာပရိသတ်ကတော့ "သာဓု၊ သာဓု၊ သာဓု၊ ဩ စေါက်ဖရား" ဟူ၍ သုံးကြိမ်ဆိုပြီး ကန်တော့ကြသတဲ့။ တရားဟော ကြားပြီး နောက်တစ်နေ့နံနက် အစောကြီးမှာတော့ အဲ့ဒီအာဂန္တုဘုန်းကြီးဟာ

mgyoe.com

mgyoe.com

ကျွန်တော့် အဘိုးနေတဲ့ရွာကနေ ပြန်ကြွသွားတော်မူခဲ့တယ်ဆိုပဲ။ အဲ့ဒီတော့မှ ကျွန်တော်တို့အဘိုးနေတဲ့ရွာမှာ အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျနေတဲ့ ဗမာလူမျိုး တော်တော်အသားမည်းတဲ့ ဦးသံခဲက သူနဲ့အတူ စားပြတိုက်မှုတစ်ခုနဲ့ ထောင်ထဲအတူနေခဲ့ဖူးတဲ့ ဝဲကျော်ဆိုတဲ့ လူဖြစ်ကြောင်း ပြောလိုက်တယ်တဲ့ဗျာ။

စာရေးသူက အဲ့ဒီရှမ်းလူမျိုးမိတ်ဆွေအား "အေးဗျာ ရိုးသားတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ၊ သဒ္ဓါလွန်ကဲ၊ ပညာနည်း၊ လွဲမှားပြုတတ်၏ဆိုတာလို၊ ဘာသာယုံကြည်ကိုးကွယ်မှုမှာ သဒ္ဓါလွန်ကဲရင် လွဲလွဲမှားမှား ဖြစ်တတ်တယ်နော်" ဟူ၍ ပြောလိုက်ပါ၏။

ပါဠိစကားသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်မတိုင်မီ အချိန်မှစ၍ မဇ္ဈိမဒေသဟု ခေါ်သည့် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်နှင့် ဥတ္တရပရာဒေ့ရှ် ဒေသများတွင် သုံးစွဲခဲ့သည့် ဘာသာစကား ဖြစ်သည်။ ဂေါတမဗုဒ္ဓပွင့်ထွန်းပေါ်လာသည့် အချိန် ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဟိမဝန္တာတောင်ခြေရှိ ယခုအချိန် NAVALGATH ဒေသ၌လည်း ပါဠိဘာသာစကားနှင့်စာပေကို အသုံးပြုခဲ့သည်ဟု ခန့်မှန်းရသည်။

မြန်မာနိုင်ငံတွင်မူ လွန်ခဲ့သောနှစ်ပေါင်း ၉၆၄ ခုနှစ် နောက်ပိုင်းမှစ၍ ပါဠိဘာသာစကားနှင့်စာပေကို ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ ဘာသာစကား စာပေများအဖြစ် ရိုသေလေးမြတ်ယုံကြည်သဒ္ဓါဖြင့် ကျက်မှတ်လာခဲ့ကြသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော် နေလပမာ ထွန်းလင်းတောက်ပနေသည့် ယနေ့ အချိန်အခါတွင် ပါဠိဘာသာစကားနှင့် စာပေအား သင်ကြားတတ်မြောက်သူများ လာခဲ့သည်။ ပါဠိကို၌ာန်ကရိုဏ်းမှန်ကန်စွာဖြင့် ပြောဆိုနိုင်သူကိုလည်း အထင်ကြီး လေးစားသမှု အသိအမှတ်ပြုခဲ့ကြပေသည်။

ယင်းသို့အခြေအနေကို အခွင့်ကောင်းယူတတ်သူ လင်မယားနှစ်ယောက် အကြောင်းနှင့် မြန်မာဗုဒ္ဓဘာသာဝင်တွေ သဒ္ဓါတရားလွန်ကဲပုံကို ပြောပြလို ပါသေး၏။ စာရေးသူ အစိုးရအမှုထမ်းဘဝ တာဝန်ကျရာဒေသတစ်ခုဖြစ်ခဲ့သော ပဲခူးတိုင်း၊ ဒိုက်ဦးမြို့တွင်ရှိစဉ် ၁၉၈၃ ခုနှစ်ခန့်က စာရေးသူသည် မြို့နယ်သာသနာ ရေးမှူးအနေဖြင့် သံဃဝိနိစ္ဆယကိစ္စတစ်ခုဖြင့် တိုင်းဝိနည်းဓိုရ်ဆရာတော်တစ်ပါး နှင့်အတူ ဒိုက်ဦးမြို့မှတောင်ငူမြို့သို့ သွားလမ်းခရီး၌ ကြားသိခဲ့ရသည့် စကားကို
mgyoe.com

mgyoe.com

ဖော်ပြလိုပါ၏။ ဖြစ်ရပ်အမှန်တစ်ခု ဖြစ်ခဲ့ပုံမှာ ဒိုက်ဦးမြို့နယ်အတွင်းရှိ ၎င်းရွာကြီးသည် အိမ်ခြေတစ်ထောင်ကျော်နှင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများဖြင့် စည်ကားသော ရွာကြီးတစ်ရွာ ဖြစ်သည်။ တစ်နေ့သောအခါ ယင်းရွာသို့ တရားဟောကောင်းသည့် ဆရာတော်တစ်ပါးသည် ကပ္ပိယဒကာတစ်ဦးနှင့်ရောက်ရှိလာပြီး တရားပွဲပြုလုပ်သတဲ့။ ဆရာတော်သည် အသားကဖြူဖြူ ဥပဓိရုပ်က သပ္ပာယ် အသံကလည်းကောင်း တရားဟောမှုကလည်း စနစ်တကျနဲ့ဆိုတော့ တဖြည်းဖြည်းနဲ့ ကြည်ညိုသူများ၍ ပရိသတ်တိုးပွားလာသည်မှာ ထုံးစံတစ်ခုပမာ ဖြစ်လာဆဲ ဓမ္မတာဟူ၍ ဆိုရမည်လော မပြောတတ်တော့ပေ။

အဲဒီဆရာတော်သည် တရားဟောတရားပြနေရင်း ကျန်းမာရေးချို့တဲ့နေထိုင်မကောင်းသော်လည်း တရားပွဲကတော့ အမြဲပဲပြုလုပ်နေပါသတဲ့၊ ကျန်းမာရေးကလည်း တစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာတော့ တရားမဟောနိုင်တော့ဘဲ အိပ်ရာထဲလဲနေသည့်အချိန်မှာ တပည့်ဒကာ၊ ဒကာမများသို့ မှာကြားပြောဆိုသည့် ဩဝါဒက စာသံပေသံနှင့် "ငါသေလျှင် ရေမချိုးနဲ့ တစ်မျိုးဖြစ်လိမ့်မယ်" ဟူ၍ ပြောခဲ့သည်ကို ဒကာ၊ ဒကာမများ မှတ်သားထားခဲ့ကြတယ်တဲ့။ သို့သော် သေဆုံးသွားသည့် အချိန်မှာတော့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ထုံးစံအလေ့အထအတိုင်း ရုပ်အလောင်းကို ရေချိုးပေးကြသတဲ့၊ ဘာကြောင့် ဘယ်လိုသဘောပေါက်တယ်ဆိုတာကတော့ ဆရာတော်ရဲ့ ကပ္ပိယကာရကဒကာ၏ ဝန်ခံပြောဆိုချက်က "ဟုတ်ကဲ့ ဆရာတော်ဟာ တစ်ချိန်က ကျွန်တော့်ရဲ့ဇနီးပါ" လို့ပဲ ဖြစ်ပါသည်တဲ့ ခင်ဗျာ။

ဆိုလိုတာကတော့ စာရေးသူတို့ မြန်မာဗုဒ္ဓဘာသာများ၏ ပုဂ္ဂိုလ်ရေး ကြည်ညိုလေးစားမှုသည် သဒ္ဓါအစစ်ဟုတ်၊ အကာအနှစ်ကို မခွဲခြားတော့ဘဲ လွှမ်းကဲနေသည့် စေတနာကို အနည်းငယ်တော့ ချွေတာကြပါဦးလို့ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဘာသာအပေါ် ကြည်ညိုသဒ္ဓါတရားပျက်ပြားအောင် ရေးသားခြင်းမဟုတ်ဘဲ သဒ္ဓါနှင့်ပညာ ကိုက်ညီအောင် ချိန်ဆနိုင်ကြရန် ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်မှုတွင် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် မလုပ်မနေရ လိုက်နာဆောင်ရွက်ရမည့် ဟောကြားချက်များမရှိသော်လည်း

mgyoe.com

mgyoe.com

သူတော်ကောင်းတစ်ယောက် ဖြစ်လာရေး ကြိုးစားအားထုတ်ရမည့် သရဏဂုံ တည်ရေး၊ ငါးပါးသီလ လုံခြုံရေးနှင့်ဘုရားရှိခိုး၊ ဆုတောင်း၊မေတ္တာပို့၊ အမျှဝေခြင်းဖြစ်သည်။

ကမ္ဘာ့ဘာသာယုံကြည်ကိုးကွယ်မှု အသီးသီးတို့တွင် လူနေမှု၊ ဘဝစားဝတ်နေရေးအတွက် လမ်းညွှန်သည့် လောကနီတိကျမ်းစာများနှင့် နောက်ဘဝ ကောင်းစားရေး၊ လောကမှထွက်မြောက်ရေး၊ ထာဝရပျော်ရွှင်စွာရမည့် ဘုံဘဝ ရောက်ရှိရေးစသည့် အဆုံးစွန် ရည်မှန်းချက်ပန်းတိုင် သတ်မှတ်ထားရှိပြီး ယင်း ပန်းတိုင်ကို မျှော်မှန်း၍ တမ်းတသည့် လောဘတဏှာဆွဲဆောင်ရာကို လိုက်ပါ သူလူသားအား စိတ်ကိုနှိုးဆွထားသော်လည်း ပန်းတိုင်သို့ရောက်နိုင်မည့် နည်းလမ်း ကိုမူ တိတိကျကျ မဖော်ပြနိုင်သေးသည့် အခြေအနေ၌သာလျှင် ရပ်တန့်နေ သည်ကို တွေ့ရသည်။

အလားတူစွာပင် ကမ္ဘာ့ဘာသာ ယုံကြည်ကိုးကွယ်မှုများဖြစ်ကြသည့် ပါစီဘာသာ (ဝါ) ဇိုရိုအာဆရီးယားဘာသာ၊ ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလမ်ဘာသာများ၌လည်း ၎င်းတို့ဘာသာအလိုက် အခြေခံကျင့်အစဉ်များနှင့် အဆုံးစွန်ရည်မှန်းချက်ပန်းတိုင် အသီးသီးသတ်မှတ်၍ ဝတ်ပြုကိုးကွယ်ကြရာတွင် သဒ္ဓါနှင့်ပညာကိုမျှတစွာ သိရှိနားလည်ကြရန် လိုပါသည်။

ယခုရေးသားတင်ပြထားသည့် “နှိုင်းယှဉ်လေ့လာခြင်းမှ တွေ့ရှိရသော ကွဲပြားခြားနားသည့် ယုံကြည်ကိုးကွယ်မှုများအတွင်းမှ စိတ်၏ငြိမ်သက်မှုများ” ဟူသော စာအုပ်၌ ကမ္ဘာ့ဘာသာ ယုံကြည်ကိုးကွယ်မှုအဖြစ် မိရိုးဖလာစဉ်အဆက် လိုက်နာကျင့်သုံးလာသည့် အယူဝါဒပေါင်း (၈) ခုရှိရာ ၎င်းဘာသာ ယုံကြည်မှု အသီးသီးမှ သက်ဆိုင်ရာဘာသာဝင်များ၏ စိတ်ငြိမ်သက်မှုရရှိနိုင်သည့် ကျင့်စဉ် များပါဝင်နေသည်ကို တွေ့ရပါသည်။ ယင်းသို့ မိမိတို့ယုံကြည်ရာ ဘာသာဝင် အသီးသီးတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက် ကမ္ဘာတွင် မလွဲမသွေ ဖြစ်ပေါ်လာမည့် သဘာဝကပ်ဘေးများနှင့် ဒုက္ခအမျိုးမျိုးတို့ကို တွေ့ကြုံ ရင်ဆိုင် ရသည့်အခါ ကြံ့ကြံ့ခိုင် ရပ်တည်နိုင်ရန်လိုအပ်သကဲ့သို့ ကာယိကဒုက္ခအမျိုးမျိုး တို့မှ သက်သာမှုရရှိ ရေးအလို့ငှာ သိပ္ပံပညာရှင်များက နည်းလမ်းပေါင်းစုံ တီထွင်

mgyoe.com

mgyoe.com

ကြံဆနေကြသလို စိတ်ဆင်းရဲမှုများက လွတ်မြောက်ကြရန် စိတ်ပိုင်းဆိုင်ရာ အသိပညာရှင်များကလည်း ဘာသာရေးနည်းလမ်းဖြင့် ကြံဆအားထုတ်လျက် ရှိကြသည်။

မည်သို့ပင်ဖြစ်စေကာမူ ကမ္ဘာ့အတွေးအခေါ် အယူအဆများ၏ ရှည်လျားလှစွာသော သမိုင်းကြောင်းတစ်လျှောက်တွင် ဘာသာယုံကြည် ကိုးကွယ်မှုများနှင့် ရုပ်ဝါဒတို့သည် လူပေါင်းများစွာတို့၏ နေ့စဉ်ဘဝအတွင်း ဝိရောဓိအသွင်ဖြင့် ဝင်ရောက်နေရာယူလျက်ရှိနေဆဲဖြစ်သည်။ ရှင်တော် ဂေါတမမြတ်ဗုဒ္ဓ (ca 623-543 BC ) နှင့်ခေတ်ပြိုင် အတွေးအခေါ် ပညာရှင်ကြီးများဖြစ်ကြသော ရောမ၊ ဂရိ (စ်) စသည့်ဒေသများမှ Thales (ca 624-547 Bc) Heraclitus (ca - 540-480 BC), Democritus (460-320 BC) Plato (427-347 BC) နှင့် Aristotle (384-322 BC) တို့အပြင် တရုတ်ပြည်မှ ကွန်ဖြူးရှပ်(စ်)နှင့် တာအိုစသည့် အတွေးအခေါ်ပညာရှင်ကြီးများ၏ အယူအဆများမှာ ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ၏ အယူအဆများနှင့် ကွဲပြားခြားနားနေကြသည်ကို တွေ့ရသည်။ ၎င်းတို့၏ ခေတ်ကာလအချိန်အခါမှစ၍ စိတ်ကိုအခြေခံသည့် တွေးခေါ်ယူဆချက်များနှင့် ရုပ်ကို အခြေခံသည့် တွေးခေါ်ယူဆချက်များသည် အတူယှဉ်တွဲ လွန်ဆွဲအားပြိုင်မှုများ ဖြစ်ခဲ့သည်။

ယင်းကဲ့သို့ စိတ်ဝါဒီနှင့် ရုပ်ဝါဒီတို့၏ အတွေးအခေါ်အယူအဆများသည် အတူတွဲဒွန်တွဲနေထိုင်လျက် လွန်ဆွဲအားပြိုင်မှုများသည် အချိန်အခါ အခြေအနေအားလျော်စွာ ဖြစ်ပေါ်ခဲ့ကြပြီး ပစ္စုပ္ပန်ဘဝ လူ့လောက၏ ကောင်းကျိုးဆိုးပြစ်များကိုလည်း အတူတကွ ရင်ဆိုင်ခဲ့ကြသည်။ ထိုသို့သော အခြေအနေများတွင် နာမ်တရားဟုဆိုအပ်သော အသိဉာဏ်ကို ဦးစားပေး၍ ဖြေရှင်းခြင်း (ဝါ) နှလုံးသားနှင့် ဖြေရှင်းနည်း မဟုတ်ဘဲ ဦးနှောက်မှထွက်ပေါ်လာသည့် အသိဉာဏ်ဖြင့်သာ ဖြေရှင်းပြေလည်စေခဲ့ကြသည်။ ထိုခေတ်အချိန်အခါ သမယတွင် ကမ္ဘာ့လူသားများအနက် ရောမ၊ ဂရိ(စ်)၊ မက်ဆိုပိုတေး မီးယားဒေသအတွင်းနေ လူသားများသည် ခေတ်ကာလနှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်မှု၌ အဆင့်မြင့်ဒေသများဖြစ်နိုင်ဖွယ်ရာများစွာ ရှိခဲ့သည်။ ထို့ကြောင့် ထိုနေရာဒေသများ၌ ရုပ်ဝတ္ထုပစ္စည်းပေါများ ကြွယ်ဝမှုနှင့်အတူ အတွေးအခေါ် အယူအဆများလည်း ဖွံ့ဖြိုးတိုးတက်ခဲ့သည်ဆိုခြင်းမှာ သံသယဖြစ်စရာ မရှိပါပေ။

mgyoe.com

mgyoe.com

ဖွံ့ဖြိုးတိုးတက်လာသော အတွေးအခေါ်အယူအဆများတွင် နှလုံးသားခံစားချက်မှပေါ်ထွက်၍ စိတ်အပေါ်တွင် အခြေခံလျက် တွေးခေါ်ယူဆချက်မှာ ဘာသာယုံကြည်ကိုးကွယ်မှု၏ အစဖြစ်၍ အားကိုးအားထားပြုလျက် ဝတ်ပြုဆုတောင်း၊ ပူဇော်ပသတောင်းခံခြင်းဖြင့်သာလျှင် အချိန်ကုန်လွန်စေလျက် ဟုတ်တော့မလိုလို ဟုတ်နိုးနိုး စိတ်ကူးယဉ်ဝါဒဖြစ်ကြောင်းကိုလည်းကောင်း၊ ရုပ်တရားအပေါ် အခြေခံလျက် တွေးခေါ်ယူဆချက်မှာ သိပ္ပံအတတ်ပညာ၏အစ စမ်းသပ်မှုတီထွင်ကြံဆမှုများဖြစ်ပေါ်စေသည့် လက်တွေ့ကျသည့်ရုပ်ဝါဒဖြစ် သည်ဆိုခြင်းကိုလည်းကောင်း၊ ယနေ့ခေတ် လူသားတို့တွေးခေါ်သိမြင် နားလည်နိုင်သောအရာဖြစ်သည်။

နောက်ပိုင်းခေတ်ကာလများအတွင်း၌ စိတ်ကိုအခြေခံ၍ဖြစ်သော စိတ်ကူးယဉ် အတွေးအခေါ်နှင့် ဘာသာယုံကြည်ကိုးကွယ်မှု အယူဝါဒတို့ပူးပေါင်းသွားခဲ့ကြသလို ရုပ်အပေါ်အခြေခံ၍ဖြစ်သော အတွေးအခေါ်နှင့် လက်တွေ့နည်းကျသိပ္ပံပညာဆန်သောအယူဝါဒတို့ ပူးပေါင်းမိသွားခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေကာမူ ယင်းဝါဒနှစ်ခုတို့၏ အားပြိုင်မှုသည် ကောင်းကျိုးဆိုးပြစ်များကို ဖြစ်ပေါ်စေခဲ့သည်မှန်သော်လည်း လူ့လောက၏ ကြီးပွားတိုးတက်ရေးအတွက် အခြေခံအကြောင်းတစ်ရပ်ဖြစ်သည့်စိတ်၊ စေတသိက်၊ စေတနာ၊ ဆန္ဒစသည့် အတွင်းသဘောကိုမြစ်ဖျားခံစီးဆင်းလာသည့် လူသားတို့၏ ကိုယ်ကျင့်သီလကောင်းမွန်မှုနှင့်အတူ အနာဂတ်ကာလ လူ့ဘဝအတွက်ပါ ထည့်သွင်းစဉ်းစား၍ ပိုမိုကောင်းမွန်သည့်နောက်ဘဝရရှိရေးကို မျှော်မှန်းခဲ့ကြသည်။ အခြားတစ်ဖက်၌လည်း ရုပ်ဝါဒနှင့်သိပ္ပံရုပ်တို့သည် လူ့လောက၏ ကြီးပွားချမ်းသာရေးအတွက် လက်တွေ့လုပ်ကိုင်အကောင်အထည်ဖော်ဆောင်ရွက်၍ ဖြစ်ပေါ်လာသည့် စွမ်းအားဟူသော ရုပ်တရားကို လိုရာပုံသွင်းပြီး ထုထည်ကြီးမားသော အကျိုးသက်ရောက်မှုဖြင့် လူ့လောက၏ကောင်းကျိုးသယ်ပိုး ဆောင်ရွက်နိုင်ခဲ့သည်။ အမှန်စင်စစ်အားဖြင့် ရုပ်၌စွမ်းအင်ရှိသလို စိတ်၌လည်း စွမ်းအင်ရှိပေသည်။ ရုပ်တွင် ရူပစွမ်းအင်နှင့်ဓာတုစွမ်းအင်ဟူ၍ နှစ်မျိုးရှိမှုအား သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်နေသည့် ယနေ့ခေတ်တွင် လူ့ဘဝ၏ လိုအပ်ချက် ကဏ္ဍအသီးသီးနှင့် အံဝင်ခွင်ကျဖြစ်အောင် စမ်းဖန်တီးမှု

mgyoe.com

mgyoe.com

ဟူသော စိတ်စွမ်းအင်ပါဝင်စုပေါင်း၍ လူ့လောက၏ ကောင်းကျိုးချမ်းသာရရှိရေး ရှာကြံအားထုတ်နေကြဆဲ ဖြစ်သည်။

"အလယ်ခေတ် အတွေးအခေါ်အယူအဆ ဒဿနပညာရပ်သည် ရုပ်ဝါဒနှင့် နာမ်ဝါဒတို့၏ အကြားချိန်ခွင်လျှာ ညီမျှမှုရှိရန် ကြိုးစားခြင်းဖြင့် ဘာသာ ယုံကြည် ကိုးကွယ်မှု၏ ကျေးကျွန်ဘဝကို ခံယူပြီး မိမိကိုယ်ကိုယ် ထာဝရ ဘုရားသခင်ထံ အပ်နှံလျက် အပျိုစင်ဘဝဖြင့် ရပ်တည်သွားသည့် ရှေး ဟောင်းရောမခေတ်က Vesta နတ်ဘုရားမကဲ့သို့ အတွေးအခေါ်အယူ အဆဒဿနပညာရပ်ကိုမှု ဆွံ့အစေခဲ့သည်။" (အင်္ဂလိပ်လူမျိုး ရုပ်ဝါဒီ ဒဿနပညာရှင် ၁၅၆၁-၁၆၂၆ အေဒီ)

"ရုပ်တရားတည်းဟူသော အကြောင်းတရားများအပေါ် အခြေခံလျက် ဖြစ်ပေါ်တိုးတက်ကြီးထွားလာရေးအတွက် ကမ္ဘာလောကသည် သဘာဝ စွမ်းအား ရှင်၏ စီမံဖန်ဆင်းမှု မလိုအပ်ပေ။" (အင်္ဂလိပ်လူမျိုး၊ ရုပ်ဝါဒီ ဒဿနပညာရှင်)

"ကမ္ဘာလောကကြီးအားထာဝရ ဘုရားသခင် သို့မဟုတ် လူသားက ပြုလုပ်ဖန်ဆင်းခဲ့ခြင်း မဟုတ်သည့်အပြင် ကမ္ဘာလောကကြီးသည် အစဉ် အမြဲ မပျက်မစီး တည်တံ့နေလိမ့်မည်။ အရာခပ်သိမ်းဖြစ်ပေါ်ခြင်း၏ အခြေခံအကျဆုံး အကြောင်းတရားမှာ "အစဉ်အမြဲ မပျက်မစီးဖြစ်နေသည့် တေဇောဓာတ်" (eternally living fire) ဖြစ်သည်။ အရာခပ်သိမ်းတို့အနက် အမှန်တကယ်ဖြစ်ပေါ်တည်ရှိသော ကမ္ဘာကြီးသည် နတ်ဘုရားများအနက် မည်သည့်နတ်ဘုရား၏ ဖန်ဆင်းမှုအရသော်လည်းကောင်း၊ သို့မဟုတ် လူသားများ၏ ပြုလုပ်ဖန်တီးမှုကြောင့်သော်လည်းကောင်း ဖြစ်ပေါ်ခဲ့ခြင်း မဟုတ်ဘဲ ဤကမ္ဘာမြေကြီးသည် အစဉ်အမြဲ မပျက်မစီးတည်နေသည့် တေဇောဓာတ်ကြောင့်ဖြစ်သည့်အပြင် တဖြည်းဖြည်း မှန်မှန်နှင့် ပူပြင်းမှု အရှိန်အဟုန်မြင့်တက်လာပြီး တဖြည်းဖြည်းမှန်မှန်နှင့် ချုပ်ငြိမ်းသွားလိမ့် မည်။ အရာခပ်သိမ်း စီးဆင်းနေသည်။ အရာခပ်သိမ်းပြောင်းလဲနေသည်။ ဆန့်ကျင်ဘက် သဘောတရားများ၏ ဒွန်တွဲလျက် လွန်ဆွဲနေခြင်းမှာ ကမ္ဘာ

mgyoe.com

မြေကြီး ကြီးထွားဖွံ့ဖြိုးရခြင်း၏ အရင်းခံအကြောင်းတရား (the struggle of oppsite was the source of the development of the world) ဖြစ်သည်။ ကမ္ဘာမြေကြီးသည် ရပ်တန့်နေခြင်း မဟုတ်ဘဲ အစဉ်အမြဲတိုးပွားနေဆဲ ဖြစ်သည်" (အတွေးအခေါ်ဒဿနပညာရှင်၊ ဟီရာကလစ်တပ်(စ်) (Heraclitus - ca540-480BC)

ရှေးဟောင်းရုပ်ဝါဒဆိုင်ရာ ဒဿနိကဗေဒ၏ အကြီးကျယ်ဆုံးသောအားထုတ်မှုကို အတွေးအခေါ်ဒဿနပညာရှင် ဒိုမိုကရစ်တပ်စ် (Democritus, ca 460-370 BC) က ၎င်းတွေးခေါ်ယူဆသည့် သဘောတရားကို ဖွင့်ဟထုတ်ဖော်တင်ပြခဲ့ပြီးသည့် နှစ်ပေါင်း (၂၅၀၀) ကျော် ပြီးသည့်နောက် ယနေ့ကာလ အချိန်အခါသမယ၌ သိပ္ပံပညာ ထွန်းကားလှသည့်ခေတ်တွင် လက်တွေ့ဖော်ထုတ်တွေ့ရှိ အသုံးပြုနိုင်သည်ကို တွေ့ရသည်။

ဒီမိုကရစ်တက်စ်၏ အဆိုအရ ကမ္ဘာလောကအတွင်း ဖြစ်ပေါ်တည်ရှိသော အရာခပ်သိမ်းတို့၌ ပါဝင်မှုမှာ အဏုမြူများနှင့် အာကာသ (Atoms and Void of empty Space) ဖြစ်၍ အဏုမြူများသည် အသေးငယ်ဆုံးသော ရုပ်တရားဖြစ်၍ ၎င်းမှာ ခွဲခြမ်းစိတ်ဖြာ၍ မရနိုင်တော့သည့် အရာများဖြစ်၏။ တစ်ခုနှင့်တစ်ခု ပုံသဏ္ဌာန်ချင်း ထင်ရှားစွာကွဲပြားသော်လည်း အရည်အသွေး တူညီကြသည်။ ၎င်းအဏုမြူများသည် ကမ္ဘာလောက၏ အထွေထွေအပြားပြားသော သဘာဝတရားအားဖြစ်ပွားစေလျက် ၎င်းတို့သည်အချင်းချင်း ပေါင်းစုလုံးခဲသွားလိုက်၊ ကြေမွပျက်စီးခွဲထွက်သွားလိုက်ဖြင့် အစဉ်အမြဲ မရပ်မနားရွေ့လျားနေသည်။ ကမ္ဘာလောကအတွင်းမှ အရာခပ်သိမ်းတို့သည် သဘာဝတရား၏ ပြုပြင်ဖန်တီးမှု၏ အကြောင်းကြောင့် အဏုမြူများအဖြစ် မျောပါ လှုပ်ရှားနေကြသည်။ ဒီမိုကရစ်တက်စ်က "အကြောင်းတရားကင်းမဲ့သော ဖြစ်ပေါ်မှုဟူ၍ မရှိနိုင်သော်လည်း အရာခပ်သိမ်းတို့မှာသဘာဝတရား၏ လိုအပ်ချက်အရ ပေါ်ပေါက်လာရခြင်းဖြစ်၍ ယင်းကဲ့သို့ ပေါ်ပေါက်လာခြင်းမှာ သဘာဝလွန်စွမ်းအားရှင် သို့မဟုတ် မည်သည့်သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါတို့၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် မျှမဟုတ်ပေ" ဟူ၍ ယုံကြည်လက်ခံသည့်အပြင် အရာဝတ္ထုတိုင်း၌ ၎င်းဖြစ်ပေါ်လာရသည့်

mgyoe.com

အကြောင်းရင်းခံတရားရှိကြသည်။ ဒါဟာ အံ့သြစရာကောင်းသောကိစ္စ မဟုတ်ပါ။ ထို့ကြောင့် ဒီမိုကရစ်တက်စ်၏ဒဿနသည် စိတ်သာပဓာနဟု ယူဆသည့် ဂရိ အတွေးအခေါ်ပညာရှင် ပလေတို (Plato ,427-347BC) ၏ အမျက်ဒေါသကို ထိုးဆွပေးခဲ့ခြင်းဖြစ်သည်အထိ ရုပ်သာပဓာနဟူသော အယူအဆကို ဆုပ်ကိုင်သူ ရုပ်ဝါဒီများနှင့် စိတ်သာ ပဓာနဟူ၍ အယူအဆရှိသူ စိတ်ဝါဒီများအကြား ပဋိပက္ခ ဖြစ်ပွားလာခဲ့ကြသည်မှာ ယနေ့အထိပင် ဖြစ်တော့သည်။

မည်သို့ပင် သဘောတရားအယူအဆများ ကွဲပြားနေကြစေကာမူ သတ္တဝါ အားလုံးတို့၏ လက်ရှိပစ္စုပ္ပန်ဘဝ ကောင်းကျိုးချမ်းသာဖြစ်ရေးနှင့် ဇာတိ၊ ဇရာ၊ ဗျာဒိ၊ မရဏ၊ (မွေးဖွားခြင်း၊ ရင့်ရော်ခြင်း၊ ဖျားနာခြင်း၊ သေဆုံးခြင်း) ဟူသော ဒုက္ခများမှ လွတ်မြောက်ရေးအတွက် သနားကရုဏာထားပြီး ပွင့်ထွန်းပေါ်ပေါက် လာသည့် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓ (ca 623-543BC) သည်လည်း အတွေး အခေါ် ဒဿနပညာရှင်ကြီး တစ်ဆူဖြစ်တော်မူ၏။ သို့ရာတွင် တခြားသော ခေတ်ပြိုင်အတွေးအခေါ် ဒဿနပညာရှင်များနှင့် ကွဲပြားသည်မှာ ဗုဒ္ဓဂေါတမသည် သံသရာစက်ရဟတ်လှည့်ပတ်လျက် ဘဝပေါင်း လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့် ကျင့်ခဲ့သော ပါရမီတော်အရ ကံ၊ ဉာဏ်၊ ဝီရိယအရာတို့၌ ကမ္ဘာ့လူသားအားလုံး တို့ထက် အထူးသာလွန်ကြီးမြတ်တော်မူသည့်အလျောက် သတ္တဝါအားလုံးတို့၏ အတိတ်ဘဝပေါင်းများစွာ ကျင်လည်ခဲ့ပုံကိုလည်းကောင်း၊ အနာဂတ်ကာလ၌ ရောက်ရှိသွားရမည့် ဘုံဌာနနှင့်ဘဝကိုလည်းကောင်း၊ မိမိ၏ဉာဏ်ကို ဆင်ခြင်ပါက အတိအကျ အမှန်အကန်ကို တွေ့မြင်နိုင်သည်ဟူ၍ စာပေကျမ်းဂန်များက ဆိုထား သည်။ အမှန်စင်စစ်အားဖြင့် ရှင်တော်ဂေါတမမြတ်ဗုဒ္ဓသည် သိဒ္ဓတ္ထ မင်းသား ဘဝ ၌ပင် သူတော်စင်တစ်ဦးဖြစ်နေပေပြီ။ ဖခမည်းတော် သုဒ္ဓေါဒန မင်းကြီး၏ အလိုဆန္ဒနှင့်အညီ အိမ်ရှေ့ဥပရာဇာ မင်းသားဘဝဖြင့် ယသော်ဓရာမိဖုရားနှင့် စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်ပြီးနောက် သက်တော် ၂၉ နှစ်အရွယ်အထိ ထီးနန်းစည်းစိမ်ကို ခံစားနေရာမှ စိတ်ငြီးငွေ့ဖွယ်ရာမြင်ကွင်းမှ ခေတ္တရှောင်လွှဲလို သဖြင့် ဥယျာဉ်တော်အတွင်းသို့ သွားရောက်ကြည့်ရှုရာတွင် အတိတ်ဘဝများမှ ပါရမီအဟုန်ကြောင့် သူအို၊ သူနာ၊ သူသေ၊ ရဟန်း၊ ဟူသော သံဝေဂရဖွယ်

mgyoe.com

ထိတ်လန့်ဖွယ်ရာမြင်ကွင်း၏ နှိုးဆော်တိုက်တွန်းမှုကြောင့် မိဖုရားနှင့်မွေးပြီးစ ရက်သားအရွယ် သားငယ်ကလေးတို့နှင့်တကွ ထီးနန်းစည်းစိမ်ကို စွန့်ခွာ၍ တောရပ်မြိုင်ကြီးတွင် ရဟန်းအသွင်ပြောင်း၍ သံသရာဝဋ်နောင်ဒုက္ခမြား မြှောင်သည့် လူ့ဘောင်ကို လွတ်အောင်ရုန်းထွက်နိုင်မည့် နည်းလမ်းကို ရှာကြံအားထုတ်ခဲ့လေသည်။

ကမ္ဘာ့လူသားများအနက် မည်သူတစ်ဦးတစ်ယောက်မျှ မကျင့်ကြံနိုင်သည့် အလွန့်အလွန်သော ကြီးမားလှစွာသော လုံ့လဝီရိယဖွဲ့သတ္တိတို့ဖြင့် အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်၊ ဥရုဝေလတောတွင်းတစ်နေရာ ဥရုဝေလတောင်တန်းရှိ ကျောက်ဂူတစ်ခုအတွင်း နေရာယူပြီးနောက် ၆ နှစ်တိုင်တိုင် ဒုက္ကရစရိယအကျင့်ကို အလွန့်အလွန် ခြိုးခြံစွာကျင့်၍ တရားရှာခဲ့သော်လည်း သူ့အလိုဆန္ဒနှင့် မကိုက်ညီသေးဘဲ သံသရာဝဋ်နွှေခင် ဒုက္ခမြားမြှောင်သည့် လူ့ဘောင်မှ လွတ်မြောက်နိုင်မည့် နည်းလမ်း မဟုတ်သည်ကို ကိုယ်တိုင်သိမြင်တော်မူခဲ့သဖြင့် နည်း ဗျူဟာပြောင်း၍ အစွန်းတရား နှစ်ပါးဖြစ်သည့် ကိလေသာမဝင်နိုင်အောင် မိမိကိုယ်ကိုယ် ညှဉ်းဆဲနှိပ်စက်သည့် အနေဖြင့် ရေငုပ်၊ မီးလှုံ၊ တုံးခံ ဇယ်ခပ်စသည့် အကျင့်ဖြင့်လည်း သံသရာမှ မလွတ်မြောက်နိုင်သကဲ့သို့ ကာမဂုဏ်အာရုံခံစားလျက် ခန္ဓာ၊ အာယာတနဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်၊ ဣန္ဒြေတရားတို့ကို မသိနားမလည်ခဲ့လျှင်လည်း သံသရာဝဋ်နွှေခင်ဒုက္ခမြားမြှောင် လူ့ဘောင်မှ မလွတ်မြောက်နိုင်ဟူ၍ ထောက်ပြသည့်အတွက် အလယ်အလတ် ကျင့်စဉ်ဖြစ်သော မဂ္ဂင်ရှစ်ပါးလမ်းစဉ်ကို ညွှန်ပြခြင်းသည် အစွန်းနှစ်ပါးမှ လွတ်သည့် ဗုဒ္ဓ၏ အတွေးအခေါ် ဗုဒ္ဓဒဿန၊ ဗုဒ္ဓအဘိဓမ္မာဖြစ်သည်။ ဗုဒ္ဓ၏ အတွေးအခေါ် (ဝါ) ဗုဒ္ဓဒဿန (ဝါ) ဗုဒ္ဓအဘိဓမ္မာသည် သိမှုနှင့် ကျင့်မှုနှစ်မျိုးကို အချိုးကျကျ ကျင့်သုံးရမည့် ကျင့်စဉ်ဖြစ်၍ ရုပ်သာပဓာနဟူသော ရုပ်ဝါဒကိုလည်းကောင်း၊ စိတ်သာပဓာနဟူသော နာမ်ဝါဒကိုလည်းကောင်း၊ သက်ဆိုင်ပါဝင်ပတ်သက်မှုမရှိဘဲ မြင့်မြတ်သည့် ကျင့်စဉ်များသာ ဖြစ်သည်။ ထို့ပြင် ဗုဒ္ဓ၏သာသနာ (ဝါ) ဗုဒ္ဓ၏အဆုံးအမသြဝါဒများသည် လူသား

* သိဒ္ဓတ္တ (Siddhas) သူတော်စင်တစ်ဦးကို စကားဖြင့် ခေါ်သည့်စကားလုံး။

mgyoe.com

အားလုံးကို အမြတ်ဆုံးဖြစ်သော အေးငြိမ်းမှုရှိကြစေရန် ရည်ရွယ်လျက် အဓိက အကျဆုံးသော နည်းလမ်းညွှန်ပြချက် (ဝါ) ဗုဒ္ဓ၏အဘိဓမ္မာမှာ –

သဗ္ဗေသင်္ခါရာအနိစ္စ – ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် ပြုသော ကိစ္စအားလုံးတို့သည် ပြုပြီးနောက် ပျက်စီးချုပ်ငြိမ်းသွားကြကုန်၏။

သဗ္ဗေသင်္ခါရာဒုက္ခ – ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့်ပြုမှု ကိစ္စအားလုံးတို့သည် ဆင်းရဲခြင်းမျှသာ ဖြစ်ကုန်၏။

သဗ္ဗေသင်္ခါရာအနတ္တ – ကိုယ်၊ နှုတ်၊ စိတ် တို့ဖြင့် ပြုမှုကိစ္စအဝဝတို့၌ ပြုခြင်း၊ ပြောခြင်း၊ ကြံခြင်းတို့မှာ ဖြစ်ပြီးပျက်စီးခြင်း အဆုံးနှင့်သာ ရင်ဆိုင်ရသဖြင့် အစိုးရခြင်း၊ ပိုင်ဆိုင်ခြင်းအလျဉ်း မရှိဘဲ သူ့သဘောနှင့်ဖြစ်၍ သူ့သဘောနှင့် ပျက်စီးခြင်း သဘောမျှသာ ဖြစ်ကုန်၏။

သဗ္ဗေဓမ္မအနတ္တ – ကောင်းကောင်း၊ ဆိုးဆိုး၊ မကောင်းမဆိုး၊ အမျိုးမျိုးသော ဖြစ်ပေါ်လာသမျှ သင်္ခါရတရားတို့သည် မပျက်မစီးတည်တံ့ခိုင်မြဲခြင်းမရှိပြီး ပျက်စီးချုပ်ပျောက်ရသည့် သဘောမျှသာ ဖြစ်ကုန်၏။

ထို့ကြောင့် ဗုဒ္ဓသည် သူနှင့်ခေတ်ပြိုင်ဖြစ်ထွန်းပေါ်ခဲ့သော ဘာသာရေးခေါင်းဆောင်များနှင့်ရော အတွေးအခေါ်ပညာရှင်များနှင့်ပါ မတူညီသော သဘောတရားအယူအဆရှိခဲ့သူဖြစ်သည် ဆိုခြင်းမှာ မှန်ကန်သည်။ မဟာဝီရ (ca-599-527 BC) ကဲ့သို့သော ဇိနခေါ် ဂျိန်းဘုရားနှင့် ဒေသတစ်ခုအတွင်း နေထိုင်ကြစေကာမူ အတွေးအခေါ် အယူအဆ ထင်ရှားစွာကွဲလွဲမှုရှိခဲ့သည်။

ဘာသာယုံကြည်ကိုးကွယ်မှုနှင့် ယှဉ်တွဲတွေးခေါ်ယူဆခဲ့သော ဒဿနပညာရှင် ပလေတို (Plato, 427-347 BC) ကမူ၊ ၎င်း၏ "လူပတ်ဝန်းကျင်၌

---

* ဒုက္ခရစရိယ–ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓမှ တစ်ပါးတခြား မည်သူတစ်ဦးတစ်ယောက်မျှ မကျင့်ကြံနိုင်သောအကျင့်။

mgyoe.com

mgyoe.com

ဖြစ်ပေါ်တည်ရှိသော နာမ်တရားမရှိသောအရာ" ဟူသော ဒဿနသည် စိတ်သည်သာ ပဓာနာဖြစ်ကြောင်း အယူအဆကို ရှေ့တန်းတင်ခဲ့သည်။ ၎င်း၏ အယူအဆမှာ နာမ်တရားသည် တကယ့်အရှိ အမှန်သစ္စာတရားဖြစ်၍ အခြေခံကျသည်။ လူ့ပတ်ဝန်းကျင်၌ တွေ့မြင်ရသည့် သက်ရှိသက်မဲ့ အရာခပ်သိမ်းသည် "နာမ်တရား၏ အရိပ်ထိုးမှုများ" (Shadows of ideas) မျှသာဖြစ်သည်။ ရုပ်ဝါဒအနေဖြင့် ကမ္ဘာလောကသည် တကယ်အရှိတရားဖြစ်သည်ဟု ယုံကြည်ပြီး ဒဿနပညာရှင် ပလေတိုကမူ နာမ်တရားသည်သာလျှင် တကယ့်အရှိ အမှန်တရားဖြစ်သည်ဟု လက်ခံခဲ့သည်။

ပလေတိုက ရုပ်ဝါဒီများအား အထူးသဖြင့် ဒီမိုကရစ်တပ်(စ်) (Democritus, 460-370 BC) အား အပြင်းအထန်ဆန့်ကျင် တိုက်ခိုက်လျှင် သေဒဏ်ပေးရန်အထိ အာဏာပိုင်များထံ တောင်းခံခဲ့သည်။

ရုပ်သာပဓာနကျသည်ဟူသော အယူအဆနှင့် စိတ်သာပဓာနကျသည်ဟူသော အယူအဆနှစ်ခုတို့အကြား ပဋိပက္ခဖြစ်ပွားမှုများသည် ၁၈ ရာစုနှစ်ကုန် ၁၉ ရာစုအစပိုင်းအထိ ဖြစ်ခဲ့ပြီးနောက် ရုပ်တရား ပဓာနဒဿနသည် ၁၉ ရာစုနှစ်အစပိုင်းလောက်တွင် သိပ္ပံပညာနှင့် ချိတ်ဆက်မှုရှိလာခဲ့သည်။ ထိုခေတ်ကာလများအတွင်းသို့ ရောက်လာသောအခါ စိတ်သာပဓာနဟူသော ဒဿနနှင့် ဘာသာယုံကြည်ကိုးကွယ်မှုတို့သည် ပြင်းထန်သော ထိုးနှက်ချက်ဖြင့် ရင်ဆိုင်ခဲ့ရသည်။

ယင်းသို့ စိတ်သာပဓာနဟု ယူဆသော ဒဿနအပေါ်၌ ပြင်းထန်သော ထိုးနှက်ချက်ဖြစ်စေခဲ့သည့် အကြောင်းမှာ ဂျာမန်လူမျိုး အတွေးအခေါ်ပညာရှင် ဟီးဂဲလ် ( Hegel, 1770-1831 AD) နှင့် ဖြူဝါးဘက်ချ် (Feuerbach, 1804-1872) တို့၏ ဒဿနများ၏ အရေးပါသော အခန်းကဏ္ဍများကြောင့် ဖြစ်သည်။ ဟီးဂဲလ်၏ အခြေခံအကျဆုံးသော အကြောင်းတရားမှာ သဘာဝတရား ဖြစ်သည်။ လူသားအား ဘဝအဖြစ် မွေးထုတ်ပေးသူမှာ သဘာဝတရားဖြစ်၍ လူသား၏ ဦးနှောက်ကိုလည်း ယင်းသဘာဝတရားကသာ ဖန်တီးပေးထားခြင်း ဖြစ်သည်။ ရုပ်တရားဖြင့် ဖန်တီးဖြစ်ပေါ်နေသော ကမ္ဘာလောကသည် သိပ္ပံပညာ၏ တစ်ခုတည်းသော အခြေခံအကျဆုံးအရာ ဖြစ်သည်။

mgyoe.com

mgyoe.com

ဖြူးဝါးဘက်ချ်သည် မနုဿဗေဒရုပ်ဝါဒဟု ခေါ်နိုင်သော ဒဿနကို ပုံသွင်းဖော်ဆောင်ခဲ့သူ ဖြစ်သည်။ ယင်း၏အဆိုအရ ဒဿနိကဗေဒသည် လူသားအား သဘာဝတရား၏ အစိတ်အပိုင်းတစ်ခုအဖြစ် ခံယူရမည်။

ဒဿနိကဗေဒသည် လူသား၏ သဘောသဘာဝ အနက်အဓိပ္ပာယ်နှင့် အနှစ်သာရကို လေ့လာရမည် ဖြစ်သည်။ သို့သော် လူသားအား သီးခြားစီအားဖြင့် လွတ်လပ်စွာ ဖွဲ့စည်းထားသော ခန္ဓာကိုယ် အစိတ်အပိုင်းများနှင့် ဝိညာဉ်အဖြစ် နှစ်မျိုးပိုင်းခြား သတ်မှတ်ပေးခဲ့သည့် စိတ်ကူးယဉ် အတွေးအခေါ်သမားများ၏ ပုံစံကိုက်နောက်လိုက် မဖြစ်စေရပေ။ ဖြူးဝါးဘက်ချ်၏ အဆိုအရ လူသားသည် ရုပ်နှင့်နာမ်ပေါင်းစပ်ထားသော (ခန္ဓာငါးပါး (ဝါ) ရုပ်ခန္ဓာတစ်ပါးနှင့် နာမ်ခန္ဓာလေးပါး) အစုအဝေးတစ်ခု ဖြစ်၏။ ၎င်းအစုအဝေး၌ ကိုယ်ခန္ဓာ၊ ဦးနှောက်၏ လှုပ်ရှားဆောင်ရွက်မှုက သိမှုဝိဉာဏ် ဖြစ်စေ၏။ ထိုအချက်သည် ဖြူးဝါးဘက်ချ် မနုဿဗေဒအခြေခံအားဖြင့် ခိုင်မြဲစေသည့် ရုပ်ဝါဒဖြစ်သည်။ ဤအချက်က စိတ်သာပဓာနဟူသော အယူအဆနှင့် ဘာသာယုံကြည်ကိုးကွယ်မှုတို့အား ဆန့်ကျင်တိုက်ခိုက်ရာ၌ ထက်မြက်သော ဓါးတစ်လက်ဖြစ်သော်လည်း ကျဉ်းမြောင်းသော အယူအဆနှင့် မပြည့်စုံသေးသည့် အတွေးအခေါ်ဖြစ်သည်။ ဖြူးဝါးဘက်ချ်၏ သဘောထားခံယူချက်မှာ ထာဝရဘုရားသခင် အယူအဆမရှိသော ဘာသာမဲ့ဝါဒဖြစ်၍ အရေးပါသော အချက်ဖြစ်သည်။ လူသားသည် ကြောင်းကျိုးဆီလျော်မှုရှိသော သဘာဝယုတ္တိကိုအခြေခံ၍ ဖြစ်ပေါ်နေသည့် အရာအဖြစ် ဖြူးဝါးဘက်ချ်က ရေးသားထားသည်။

ဖြူးဝါးဘက်ချ်သည် ဘာသာယုံကြည်ကိုးကွယ်မှုအား ဝေဖန်ဆန်းစစ်မှု ပြုရာ၌ ထူးခြားထက်မြက်သူတစ်ဦးဖြစ်၍ ၎င်းက ထောက်ပြသည့်အချက်မှာ လူများသည် ၎င်းတို့၏ ကိုယ်ပိုင်ခံစားချက်များကို ထာဝရဘုရားသခင်အဖြစ် သူတို့ကိုယ်တိုင် ဖန်ဆင်းယူခဲ့ကြသည်ဟူ၍ ထောက်ပြခဲ့သည်။ လူသား၌ သဘာဝအလျောက် စွမ်းရည်အစိတ်အပိုင်းအဖြစ် အမြဲတမ်း ကိန်းအောင်းတည်ရှိနေသော ဒေါသအမျက်ထွက်ခြင်း၊ ချစ်ခြင်းမေတ္တာတရား၊ ကျေးဇူးတရား စသည်တို့ကို ထာဝရဘုရားသခင်၏ ကျေးဇူးကြောင့်ဟူ၍ ယုံကြည်ယူဆကြသည်။ သို့သော်

mgyoe.com

ဖြူးဝါးဘက်ချ်က "ထာဝရဘုရားသခင် အယူအဆမပါသည့်ချစ်ခြင်း မေတ္တာအပေါ် အခြေခံမပါသည့် ဘာသာယုံကြည်ကိုးကွယ်မှု "(A religion without God, a religion of love) ဟူသော ဘာသာအသစ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့သည်။ ၎င်းက ဘာသာယုံကြည်ကိုးကွယ်မှုအား ထိုးနှက်တိုက်ခိုက် တိုက်ပွဲဝင်ခဲ့သော်လည်း ဘာသာယုံကြည်ကိုးကွယ်မှုဟူသော စကားလုံးနှင့်ပတ်သက်၍ လူသားများအတွင်း ဆက်ဆံပေါင်းသင်းမှုဘောင်အတွင်းမှ ဖယ်ရှားထုတ်ပယ်နိုင်ခြင်းမရှိခဲ့ပေ။ ထိုအချက်က ဖြူးဝါးဘက်ချ်၏ ထာဝရဘုရားမရှိဟူသော သဘောထားခံယူချက်အပေါ် ခိုင်မာသော ရပ်တည်ချက် ဖြစ်စေခဲ့သည်။

"လူတစ်ဦးတစ်ယောက်သည် ဘဝတစ်သက်တာလုံး၌ တစ်ခုတည်းသော သဘောတရားဖြင့် လက်တွေ့မပါသော ပုံသေကားချပ် အယူအစွဲကိုင်စွဲလျက် အရာရာကို ရင်ဆိုင်ဖြေရှင်းလိုသူအား မည်သို့ခေါ်ဆိုရပါမည်နည်း၊ အနည်းဆုံးအားဖြင့် ယင်းသို့သော လူတစ်ယောက်အား အတွေးအခေါ် အယူအဆ၌ အပြောင်းအလဲ မရှိသောသူဟူ၍ ဆိုရပေမည်။ ဦးနှောက်ဉာဏ်ကို ကစားခြင်း မရှိသည့်ပုံသေ ကားချပ် လေ့နှံ့စားထစ် အယူအဆကို တရားသေဝါဒ (dogmatism) ဟုခေါ်သည်။ အလားတူ တရားသေဝါဒသမားတစ်ယောက်အဖို့ရာ၌ အခြေအနေအရပ်ရပ်သည် သူ့အတွက် ပြန်လည် မေးခွန်းထုတ်ရန်မရှိသော အမှန်တရားဟူ၍ လက်ခံယုံကြည်သော အယူအဆ ဖြစ်သည်။ ဥပမာ– အစဉ်ထာဝရတည်ရှိနေခြင်း၊ မှားယွင်းနေသည့်အချက်ကို ထောက်ပြခြင်းခံရသော်လည်း ဘဝတစ်သက်တာလုံး ခံယူချက် ပြောင်းလဲခြင်းမရှိဘဲ မပြောင်းမလဲ အမြဲမှန်သည်ဟူ၍ ယူဆထားသော သဘောတရား ဖြစ်သည်။ ဘာသာယုံကြည်ကိုးကွယ်မှု အားလုံးသည် ခိုင်မာစွာပုံသေ သတ်မှတ်ချက်အတွင်း ပါဝင်သည်။ ၎င်းတို့သည် သိပ္ပံပညာရပ်နှင့် လူတိုင်းသိမြင်နားလည်နိုင်သော အသိဉာဏ် (science and common sense) တို့အား ရှင်းရှင်းလင်းလင်း ဆန့်ကျင်သည့်တိုင်အောင် သံသယမရှိ အကြွင်းမဲ့ယုံကြည်သော သစ္စာတရားများအဖြစ် ဘုရားရှိခိုးကျောင်း၏ အထောက်အထားမရှိသော တင်ပြချက်များကို တရား

သေဝါဒ သိမ်းသွင်းချက်ဘောင်အတွင်းမှ ၎င်းတို့က လက်ခံထားကြသည်။ တရားသေဝါဒတစ်ဦးသည် သူလေ့လာသိရှိခဲ့သော စာအုပ်ကြီးအတိုင်းမှ လွဲ၍ အမှန်တရားဆိုတာ ရှိပါသေးကလားဆိုသည်ကို စိတ်ဝင်စားမှု မရှိသည့်အပြင် ယင်းတရားသေအတိုင်းမှလွဲ၍ အမှန်တရားဆိုသည့် အချက်ကိုလည်း စူးစမ်း ဝေဖန်လိုသည့် ဆန္ဒမရှိပေ"

ဟု ရုပ်သာပဓာနအဖြစ် လက်ခံယုံကြည်ခဲ့သူ ရုရှားနိုင်ငံ၏ အတွေးအခေါ် ပညာရှင်ကြီး ကားလ်မတ်(စ်) (Karl Mark - 1818-1883) က ကမ္ဘာသို့တင်သွင်းခဲ့သည်။ ထို့ပြင် ၎င်းက ရုပ်တရားသည် သက်ရှိသတ္တဝါ ဖြစ်ပေါ်ရခြင်းနှင့် အသိဉာဏ် ပညာဖြစ်ပေါ်ရေးအတွက် တစ်ခုတည်းသော အခြေခံအကြောင်းတရား ဖြစ်သည်ဟူ၍လည်း ရေးသားခဲ့သည်။

ပြင်သစ်နိုင်ငံ အေဒီ ၁၅၉၆–၁၆၅၀ ထိ အသက်ရှင်နေထိုင်ခဲ့ပြီး ထင်ရှားကျော်ကြားသူ အတွေးအခေါ်ပညာရှင်နှင့် ဂဏန်းသင်္ချာပါရဂူတစ်ဦးဖြစ်သူ ဒက်ကာတက်စ် (Dascartes 1596-1650) သည် ရုပ်ကိုအခြေခံ၍ တွေးခေါ်ယူဆချက်နှင့် စိတ်ကိုအခြေခံ၍ တွေးခေါ်ယူဆချက် နှစ်မျိုးစလုံးကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သူ ဖြစ်သည်။

*

## ထာဝရဘုရားသခင်ယုံကြည်မှုအပေါ် မှားယွင်းသည်ဟု ခိုင်လုံစွာ သက်သေပြခဲ့သည့် ရုပ်သာပဓာန အယူအဆ၏သဘောတရား

ကက်သိုလစ်ဘာသာ အတွေးအခေါ် ဒဿနိကဗေဒပညာရှင် ပြင်သစ်လူမျိုး အဲလ်ဖရက်(ဒ်)အင်စယ်လ် (Alfred Ancel) ကမာခ်(စ်)ဝါဒ (Marxism) အပေါ် သူမကြိုက်မနှစ်သက်ဆုံးမှာ – "ရုပ်တရား၏အနုပဋိလောမ အယူအဆ" (the dialectical theory of matter) ဖြစ်သည် ဟုဆိုထားသည်။ ၎င်းက "အကယ်၍

mgyoe.com

မာခ်(စ်)ဝါဒအနေဖြင့် ကမ္ဘာလောက၏ မူလဘူတနှင့် ဖွံ့ဖြိုးတိုးတက်မှုအား ထာဝရဘုရားသခင်၏ အဆုံးအပိုင်းအခြား မရှိသော တန်ခိုးအာဏာဖြင့် စိုးမိုးတော်မူသည်ဆိုခြင်းကို မသိကျိုးကျွန်မပြုပါလျှင် ခရစ်ယာန်ဂိုဏ်းတော်က ၎င်းအား မှားယွင်းသည်ဟူ၍ ပြစ်တင်ရှုတ်ချလိမ့်မည် မဟုတ်ပေ။ အကယ်၍ မာ့ခ်(စ်) ဝါဒအား ပြစ်တင်ရှုတ်ချဖို့လိုအပ်လျှင် ၎င်း၏ရုပ်တရားအပေါ် ခံယူထားသည့် သဘောထားအယူအဆကိုသာလျှင် ပြစ်တင်ရှုတ်ချရန် လိုအပ်သည်။" ဟူ၍ ပြောဆိုထားသည်။ ဆိုလိုသည့်သဘောမှာ ရုပ်သာပဓာနဆိုသော သဘောတရားသည် မာခ့်(စ်)အတွေးအခေါ်၏ "မကောင်းဆိုးဝါး ဒုစရိုက်တရား၏ အရင်းအမြစ်" ဟူ၍ ဆိုလိုသည်။

ရုပ်သာပဓာန အယူအဆသဘောထားသည် ဘာသာရေးဝင်ရောက်တားဆီးနှောင့်ယှက်မှုများ အားလုံးကို ဖယ်ရှားပစ်သည်။ ဤအယူအဆသဘောထားက ကမ္ဘာလောကသည် ဖန်ဆင်းထားသောအရာဟူသော ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဝင်ရောက်နှောင့်ယှက်မှုအား အဓိပ္ပာယ်မရှိသော လုပ်ဆောင်ချက်အဖြစ် မှတ်ယူသည်၊ အားလုံးသော ဘာသာယုံ ကြည်ကိုးကွယ်မှုများသည် "ကမ္ဘာလောကအား ထာဝရဘုရားသခင်က ဘာမျှမရှိသည့် အခြေအနေထဲမှ ဖန်ဆင်းထားခြင်းဖြစ်သည်" ဟူ၍ စွဲမြဲစွာ ခံယူထားသည်။

သို့ရာတွင် သိပ္ပံပညာရပ်ကမူ သဘာဝဓမ္မ၏ ဖြစ်စဉ်အတွင်း ဘာမျှမရှိသော အခြေအနေမှ မည်သည့် အရာဝတ္ထုတစ်ခုခုမျှ ဖြစ်ထွန်းပေါ် ပေါက်ခြင်းမဖြစ်နိုင်သည့်အပြင် စူးစမ်းဆင်ခြင်မှု တစ်စုံတစ်ရာမပြုလုပ်နိုင်သော ပျောက်ပျက်သွားသည့် အရာဝတ္ထုဟူ၍ ဘာတစ်ခုမျှမရှိဟူ၍ ခိုင်လုံစွာ စမ်းသပ်တွေ့ရှိထားသည်။ သိပ္ပံပညာရပ်တွင် များစွာသော ရုပ်တရားတို့အား မပျက်မစီးစေရန် ပြုပြင်စီမံ ကာကွယ်စောင့်ရှောက်သည့် သဘာဝတရား တစ်နည်းအားဖြင့် ရုပ်တရားအား ပြုပြင်စီမံထိန်းသိမ်းမှု သဘောသဘာဝ ဥပဒေသကို အထူးအားဖြင့် တွေ့ရှိထားသည်။ ရုပ်သာပဓာနဟူ၍ တွေးခေါ်မှု (ဝါ) ရုပ်ဝါဒ၏ ဖြစ်နိုင်ဖွယ်ရာနောက်ဆုံးဆွဲယူရမည့် မှတ်ချက်ကတော့ "ရုပ်တရားသည် မည်သည့်အခါမျှအသက်ရှင်သန်ခြင်းသို့ မရောက်နိုင်ပေ၊ ၎င်းသည် အမြဲတမ်းအားဖြင့် တည်ရှိနေခဲ့ပြီး ဆက်လက်၍လည်း အမြဲတမ်း တည်ရှိသွားမည် ဖြစ်သည်။ ကမ္ဘာလောက

mgyoe.com

သည် အမြဲထာဝရတည်ရှိနေခြင်းဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ဖန်ဆင်းခဲ့ခြင်း မဟုတ်ပေ။ "သိပ္ပံပညာရပ်၏ တွေ့ရှိမှုတ်သားသည့် ရုပ်တရား၏အဆုံးအပိုင်းအခြား မရှိတည်ရှိနေသည့် သဘောသည် ကမ္ဘာလောကအား ဖန်ဆင်းထားသည့် အရာဖြစ်သည်ဟူသော ဘာသာကိုးကွယ်မှု၏ အခြေခံ ယုံကြည်ချက်ကို လျော့နည်းကျဆင်းစေခဲ့သည်။

ရုပ်တရားသည် အချိန်ကာလ အဆုံးအပိုင်းအခြား ထာဝရတည်ရှိ နေခြင်းဖြစ်သည်ဆိုသော သဘောတရားနှင့် စပ်လျဉ်း၍ မာခ့်(စ်) အတွေးအခေါ် အယူအဆ ဒဿနအပေါ် ကျောင်းသားကျောင်းသူများ၏ မေးခွန်း အများအပြားပေါ်ပေါက်ခဲ့ဖူးသည်။ "ရုပ်တရားသည် မည်ကဲ့သို့သော သဘောတရားအားဖြင့် အစဉ်အမြဲတည်ရှိနေနိုင်ပါသနည်း" ထိုရုပ်၏ သဘောတရားသည် တစ်ချိန်ချိန်တွင်ဖြစ်ပေါ်လာခြင်း မရှိနိုင်တော့ဘူးလား၊ ဤမေးခွန်းများမှာ အံ့သြစရာကောင်းသော မေးခွန်းများ မဟုတ်ပါပေ။ လူတစ်ယောက်သည် သူ့၏အသက်ရှင် နေထိုင်သည့် ဘဝတစ်သက်တာအတွင်း အရာခပ်သိမ်းတို့သည် အစနှင့်အဆုံး (ဝါ) ဖြစ်မှုနှင့် ပျက်မှုရှိသည်ဆိုခြင်းကို တွေ့မြင်ရသည်။ ထို့ကြောင့် ရုပ်တရားကိုမည်သူက ဖန်ဆင်းထားပါသနည်းဟူ၍ မေးမြန်းခြင်း ဖြစ်သည်။ သိပ္ပံပညာရပ်က ဖြေကြားသည်မှာ ရုပ်တရားသည် စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲမှုရှိသော်လည်း မပျက်မစီးဘဲ အစဉ်အမြဲရှိနေသော အရာဖြစ်သည်။ ရှေးခေတ်ဟောင်း ဂရိ(စ်) နိုင်ငံသား ဟီရာကလစ်တပ်စ်က ရေးသားခဲ့သည့်အတိုင်း ကမ္ဘာလောကကြီးသည် မည်သည့်ထာဝရ ဘုရားသခင်ကသော်လည်းကောင်း၊ လူတစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ ဖန်ဆင်းခဲ့ခြင်းမဟုတ်သည့်ပြင် ကမ္ဘာလောကသည် အစဉ်ထာဝရတည်ရှိနေမည်သာ ဖြစ်သည်။

ဤအရေးကြီးသော နိဂုံးကမ္ပတ် အပြီးသတ်ရေးသားချက်၏ ခိုင်လုံသော အထောက်အထားရှိပါ၏လော။? ထိုမေးခွန်းနှင့်စပ်လျဉ်း၍ မြောက်မြားစွာသော အကြောင်းအချက်များ ရှိသည်။ ဉပမာ တစ်ခုဆိုကြပါစို့ သဘာဝဓမ္မနိယာမ သဘောပြုပြင်စီမံသော ဉပဒေသ ရှိသည်။

နေ့စဉ်ဘဝတွေ့ကြုံရသည့် ဉပမာတစ်ခုနှင့် ကျွန်ုပ်တို့ စတင်စဉ်းစားကြည့်

mgyoe.com

ကြပါစို့။ အသင်သည် မီးဖိုတစ်ခုအတွင်းသို့ ထင်းထည့်၍ မီးရှို့လိုက်ပါက မီးဖို အတွင်းမှ ထင်းချောင်းများ မီးလောင်ကျွမ်း၍ ကြွင်းကျန်ခဲ့သည့်ပြာ အနည်းငယ်ကို တွေ့သောအခါ ပထမဦးစွာ သစ်သားထင်းချောင်းဖြစ်သော ရုပ်ဝတ္ထုများပျောက်ကွယ် သွားသည်ကို တွေ့ရှိရမည် ဖြစ်သည်။ သို့သော် မီးလောင်၍ ထွက်ပေါ်လာသည့် ပေါက်ကွဲဖြစ်ပေါ်သည့် စွမ်းအားက အကျိုးအမြတ်တစ်ခုကို ဖြစ်စေလျက် ပျောက် ဆုံးပျက်စီးသွားခြင်း မဟုတ်ကြောင်းကို အသေအချာချိန်တွယ် ကြည့်ခြင်းအားဖြင့် တွေ့မြင်ရသည်။ အဘယ်ကြောင့်ဆိုသော် သစ်သားထင်းများအား မီးမရှို့မီရှိသော ရုပ်တရားနှင့်အလားတူသော ရုပ်တရားသည် မီးလောင်ကျွမ်းခြင်းခံရသဖြင့် ပြောင်းလဲ သွားသည့် ရုပ်တရားမှာမီးလောင်ကျွမ်းစဉ် လေထဲသို့ရောက်ရှိခဲ့ခြင်းကြောင့် ဖြစ်သည်။

ရုရှားလူမျိုး မဟာသိပ္ပံပညာရှင်ကြီးဖြစ်သူ လိုမိုနိုဆောဗ် (Lomonosov) က ဤအချက်အပေါ် ကောက်ချက်ဆွဲ အဆုံးသတ်ထားသည်မှာ – မည်သည့် သက်ရှိအရာနှင့် အခြေခံဓာတ်သဘောမျှ လုံးဝပျက်စီးပျောက်ကွယ်သွားသည်ဟူ၍ လည်းကောင်း၊ မည်သည့်အရာမျှ မရှိသောအခြေအနေမှ ဖြစ်ပေါ်လာသည် ဟူ၍လည်း မရှိနိုင်ပေဟူ၍ ဖြစ်သည်။ ၎င်းကသဘာဝ ဓမ္မသဘောအရ ရုပ် တရား၏ပြုပြင်စီမံမှု နိယာမကို ပုံသေနည်းသတ်မှတ်ခဲ့သည်။ ကမ္ဘာလောကအား ဘာတစ်ခုမျှ မရှိသော အခြေအနေမှ ထာဝရဘုရားသခင်က ဖန်ဆင်းတော်မူခဲ့သည် ဆိုသော ဘာသာယုံကြည် ကိုးကွယ်မှုဆိုင်ရာ ရှေးခေတ်အဆက်ဆက်မှ သယ် ဆောင်လာခဲ့သော အယူအဆသည် သဘာဝဓမ္မ၏ အရေးကြီးဆုံးသော ဥပဒေသ အရ လုံးဝမှားယွင်းမှု ဖြစ်သည်။ အကယ်၍ စကြဝဠာ ကမ္ဘာလောကဓာတ်အတွင်း ဘာတစ်ခုမျှ မဖြစ်ပေါ်သေးသည့်အချိန်ကာလ ရှိခဲ့သည်ဟူသော အယူအဆကို မှန်ကန်သည်ဟူ၍ မှတ်ယူပါက၊ ဆိုလိုသည့်အဓိပ္ပာယ်မှာ ထိုအချိန်၌ ဖြစ်ထွန်းပေါ် ပေါက်လာနိုင်သော ရုပ်တရားမရှိဟူ၍ ဖြစ်သည်။ သို့ရာတွင် ရုပ်တရားဖြစ်တည် ခြင်းကြောင့်ဆိုသော အဓိပ္ပာယ်မှာ မည်သည့်အခါမျှ မဖြစ်ပေါ်ခြင်းကို ဆိုလိုသည်။ သို့သော် အစဉ်အမြဲတည်ရှိနေပြီး နောင်ကိုလည်း ဆက်လက်တည်နေမည်သာ ဖြစ်သည်။ ထိုရုပ်သဘော သဘာဝဓမ္မနိယာမသည် အမြဲထာဝရနှင့်ဆုံးစမရှိ တည်ရှိနေ၏။ ရုပ်ဓမ္မ၏ အချိန်ကာလ အဆုံးအပိုင်းအခြား မရှိဖြစ်တည်နေသည်

mgyee.com

mgyoe.com

ဟူသော သိပ္ပံပညာ၏သဘောတရားက ကမ္ဘာလောကသည် ဖန်ဆင်းမှုအရ ဖြစ်လာရသည်ဆိုသော ဘာသာရေးဆိုင်ရာ ယုံကြည်ချက်အား အခြေခံအဖြစ် အရင်းမှစ၍ တဖြည်းဖြည်း အားနည်းယုတ်လျော့စေခဲ့သည်။

ဤမျှသာမက ဆက်လက်၍ ဖော်ပြရပါလျှင် ရုပ်တရားသည် သဘာဝဓမ္မအတွင်း အကျုံးဝင်သည့်အားလုံးသော သက်ရှိသက်မဲ့ အရာခပ်သိမ်းတို့၏ အရင်းအမြစ် အခြေခံသဘောတရား အစစ်ဖြစ်သည့်အပြင် သိပ္ပံနည်းကျဖော်ထုတ်တွေ့ရှိရသည့်နည်းလမ်းများ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ကိုယ်လက်အင်္ဂါအားဖြင့်လည်းကောင်း ထိသိစမ်းသပ်မရနိုင်သည့် အရာဟူ၍ မရှိကြောင်းလေ့လာခဲ့ပြီး ဖြစ်သည်။ ဤကဲ့သို့ သုတေသနပြုလေ့လာမှုများအရ ဘာသာယုံကြည်ကိုးကွယ်မှုဆိုင်ရာ ပုံဝတ္ထုများနှင့် စေတမန်နတ်သားများ အကြောင်းနှင့် စိတ်ဝိညာဉ်များ လူသားအား ဖန်ဆင်းပေးခဲ့ပြီး ကယ်တင်စောင့်ရှောက်ပေးသည်ဟူ၍ ယုံကြည်ချက်အတွက် နေရာမပေးပါ။

အကယ်၍ စေတမန်နတ်သားများသည် တကယ့်အစစ်အမှန်အားဖြင့် ရှိခဲ့ပါမူကား ၎င်းစေတမန်နတ်သားများသည် ၎င်းတို့ကိုယ်တိုင် ကိုယ်ကျ တွေ့မြင်သိရှိရအောင် မည်သည့်အတွက် ထင်ရှားစွာ မပြသခဲ့ကြပါသနည်း။ အလွန်သေးငယ်သော အဏုမြူတစ်ခု၏ အစိတ်အပိုင်းအဖြစ် ယင်းအဏုမြူမှုန်ပတ်လည်၌ စီးဆင်းနေသော လျှပ်စစ်ဓာတ်ကိုပင်လျှင် လူသားကလေ့လာ သိမြင်နားလည်နိုင်ခဲ့သည်။ အဘယ်ကြောင့် စေတမန်နတ်သားများသည် ကျွန်ုပ်တို့၏ အတွင်းအာယတန (၆) ပါး (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်) ဖြင့်သော်လည်းကောင်း ကိုယ်ခန္ဓာအစိတ်အပိုင်းအားဖြင့်သော်လည်း ကောင်းသို့မဟုတ်အခြား တစ်နည်းနည်းဖြင့် သိနားလည်ခြင်း မရှိပါသနည်း။? တစ်နည်းအားဖြင့်ဆိုသော် ယင်းစေတမန်နတ်များ၏ လှုပ်ရှားသွားလာမှုကို အဘယ်ကြောင့် မတွေ့မမြင်နိုင်ရပါသနည်း။ ကမ္ဘာပေါ်တွင် "ထိုအရာမှာစေ တမန်နတ်များ၏လုပ်ငန်း" ဖြစ်သည်ဟူ၍ ပြောဆိုနိုင်သည့်အရာရှိပါ၏လော့။ မရှိပါချေ။ ထာဝရဘုရားသခင် သို့မဟုတ် စေတမန်နတ်များသို့ မဟုတ် "အခြားသော ကမ္ဘာလောက" (other world) စသည့် အကျိုးရလဒ်အနေဖြင့် ဖြစ်ထွန်းပေါ်ပေါက်ခြင်းမရှိချေ။ ခရစ်ယာန်ဂိုဏ်းက ဤ

mgyoe.com

mgyoe.com

အကြောင်းအရာသည် မှားယွင်းပါသည်ဟူ၍ အဆုံးသတ်ရေးသားဖော်ပြရန် မစွမ်းဆောင်နိုင်ပေ။ ဤသို့ အဆုံးသတ်ရေးသားဖော်ပြခြင်း မပြုနိုင်သည့်အကြောင်းမှာ ၎င်းတို့က "ရုပ်တရားကွယ်ပျောက်သွား၏" ဟု ပြောဆိုခြင်းအားဖြင့် ခံယူချက်မှားယွင်းသည်ဟူ၍ သက်သေထူရန် ကြိုးစားခြင်း ဖြစ်သည်။ ယင်းကိစ္စအကြောင်းအရာနှင့်ပတ်သက်၍ အောင်မြင်မှုမရှိသည့်အတွက် ၎င်းတို့သည် နောက်ဆုံးတွင် ရုပ်တရားနှင့်စပ်လျဉ်းသည့် သဘောထား၏ စစ်မှန်သော အဓိပ္ပာယ်ကို ဝေ့လည်ကြောင်ပတ် မဟုတ်မဟပ် လုပ်ခဲ့ကြသည်။

၎င်းတို့က "အကယ်၍ ရုပ်တရားသည် အမြဲထာဝရရှိနေသည်ဆိုဦးတော့၊ ရုပ်သာပဓာနဟူ၍ တွေးခေါ်ယူဆချက်အနေဖြင့် မည်သည့်အကျိုး အမြတ်တစ်စုံတစ်ရာမျှ မရရှိနိုင်ပေ" ဟူ၍ ကြေငြာခဲ့ကြသည်။ ၎င်းတို့က အတိတ်ဝေးစွာ ဟိုးရှေးရှေးသောအချိန်အခါက ယခုမျက်မှောက်ကာလရှိနေဆဲ စကြာဝဠာအစအဆုံးမရှိသော အချိန်ကာလအပိုင်းအခြားကို ကျွန်ုပ်တို့စဉ်းစားကြသောအခါ ပုံသဏ္ဌာန်အသွင်အပြင်မရှိသော လှုပ်ရှားမှုမရှိသော ရုပ်တရားသည် အချိန်ကာလအပိုင်းအခြား မရှိသည့်ကြာမြင့်လှစွာသော အချိန်ကာလကြာအောင် ယင်းအခြေအနေ၌ တည်နေခဲ့၏။ သို့သော် ရုပ်တရားသည် ထိုအခြေအနေအဆင့်အတန်းကို လွန်မြောက ၍ သာမန်မျက်စိဖြင့်တွေ့မြင်နိုင်သည့် အချိန်တစ်ချိန်သို့ ရောက်ရှိလာ၏။ သို့သော် အကယ်၍ အချိန်ကာလ အပိုင်းအခြားမရှိ ကြာမြင့်လှစွာသော အချိန်ကာလတိုင် ရုပ်တရားသည် မလှုပ်ရှားဘဲ ရှိနေခဲ့ပါမူကား ရုတ်တရက်ချက်ချင်း မည်သည့်နည်းဖြင့် လှုပ်ရှားလာပါသနည်း။ စိတ်သာပဓာနဟူ၍ တွေးခေါ်ယူဆသူများနှင့် ခရစ်ယာန်ဂိုဏ်းတို့က ရုပ်တရားသည် အလိုအလျောက် ၎င်း၏ဘောင်အတွင်း၌ ပြောင်းလဲမှုအတွက် အခြေခံအကြောင်းတစ်စုံတစ်ရာ မရှိပေ။ "လှုပ်ရှားမှုမရှိသော်လည်း ဖွံ့ဖြိုးကြီးထွားရန် အချိန်မကျသေး၍ လက်ရှိအခြေအနေအတိုင်းဖြစ်နေသည့်အဆင့် (dormancy) နှင့်ပေါင်းစပ်မှုမရှိသေးသည့် အဆင့် (immobility) တို့အတွင်းမှ ရုပ်သေသည် အကျိုးရလဒ်အဖြစ် မလွဲမသွေဖြစ်ပေါ်လာရန် တန်ခိုး အာဏာတစ်စုံတစ်ရာ (some power) ရှိရမည်ဟုဆိုသည်။ ဤတန်ခိုးအာဏာသည် ထာဝရဘုရားဖြစ်သည်ဟု ဆိုသည်။

mgyoe.com

mgyoe.com

"သို့သော် ရုပ်တရားသည် အဆိုပါ မောင်းနှင်စွမ်းအားပေးအပ်သွားနိုင်ရန် အဆင့်မြင့်သော ဘုန်းတန်ခိုးအာဏာအမှန်တကယ်ပင် လိုအပ်ပါသလားဟူ၍ ရုပ်သာပဓာနဟူသော ဒဿနက စောဒကတက် ငြင်းဆိုလျက်ရှိသည်။

အသင်က မာခ့်(စ်) အတွေးအခေါ်အယူအဆ ဒဿနကို မလေ့လာခဲ့ဖူးသူလူတစ်ဦးအား "လှုပ်ရှားမှုဆိုတာ ဘာလဲ" ဟူ၍ မေးမြန်းခဲ့လျှင် ၎င်းက "လှုပ်ရှားမှုဆိုတာ တစ်နေရာမှတစ်နေရာသို့ ပြောင်းလဲခြင်း" ဖြစ်သည်ဟူ၍ ဖြေဆိုပေလိမ့်မည်။ အကယ်၍ အရာဝတ္ထုပစ္စည်းတစ်ခုခုအား တစ်ဦးတစ်ယောက်က ရွှေ့ပြောင်းပေးခြင်း မပြုလျှင် ၎င်းသည် မလှုပ်ရှားပေ။ ဥပမာ သာဓကအနေဖြင့် ကျောက်ခဲတစ်လုံးသည် ၎င်းအား တစ်စုံတစ်ယောက်က ကောက်ယူလွှင့်ပစ်ခြင်း မပြုသေးသမျှသူ၏ အခြေအနေ လှုပ်ရှားပြောင်းလဲခြင်း မရှိပေ။ ယင်းကျောက်ခဲ၏ အတွင်းသဘော၌ အဏုမြူများ၊ ကလာပ်စည်းများ၊ လျှပ်စစ်ဓာတ်စီးဆင်းမှုများနှင့် ပရိတွန်ခေါ် အဏုမြူပေါ်၌ လျှပ်စစ်ဓာတ်တစ်ခု ဖြစ်ပေါ်မှုရှိနေသလို ကျွန်ုပ်တို့ အထည်ကိုယ်ဒြပ်ရုပ်ဝတ္ထုပစ္စည်းများ အားလုံးတို့၏အတွင်း၌ စဉ်ဆက်မပြတ် လှုပ်ရှားပြောင်းလဲလျက်ရှိသည်ကို ကျွန်ုပ်တို့ သိရှိနားလည်နိုင်သည်။

အိမ်အဆောက်အအုံတစ်ခုသည်လည်း လှုပ်ရှားမှုမရှိဘဲ ဖြစ်နေခြင်း မဟုတ်ပေ။ ၎င်းသည် ကမ္ဘာမြေကြီးနှင့်အတူ နေကို လည်ပတ်လျက် ရှိနေသည်။ ကျွန်ုပ်တို့သည် မျက်နှာချင်းဆိုင်၍ ထိုင်နေကြပြီး မရွေ့မပြောင်းမလှုပ်မရှားဘဲ ထိုင်နေခဲ့ကြသည်ဆိုပါစို့၊ မည်သို့ပင် မရွေ့မပြောင်းမလှုပ်မရှား ထိုင်နေကြသော်ငြားလည်း ကျွန်ုပ်တို့၏ ခန္ဓာကိုယ်တွင်းမှ သွေးသည်လှုပ်ရှား လှည့်ပတ်သွားလာပြောင်းလဲနေသည့်အတွက် ကျွန်ုပ်တို့ခန္ဓာ၌ ကလာပ်စည်းအဟောင်းများ ပျက်စီးချုပ်ငြိမ်းနေဆဲမှာပင် တစ်ချိန်တည်း၌ ကလာပ်စည်းအသစ်များဖြစ်ပေါ်နေပေသည်။ ဤအချက်သည်လည်း လှုပ်ရှားမှု ဖြစ်သည်။ လှုပ်ရှားပြောင်းလဲမှုဆိုသော ပြဿနာသည် တစ်ချိန်ကစဉ်းစား တွေးတောထင် မှတ်ထားသည်ထက် များစွာပို၍ သိမ်မွေ့နက်နဲရှုပ်ထွေးသည့်အချက်ဖြစ်ကြောင်း သိနိုင်သည်။

ကျောက်ခဲတစ်လုံးအား ကောက်ယူလွှင့်ပစ်ခြင်း မရှိသေးသမျှကာလပတ်လုံးသူ့နဂိုမူလအတိုင်းရှိနေသည်ဟု လူအများက သိနေကြသည်။ ထို့ပြင် မော်တော်

mgyoe.com

mgyoe.com

ကားသည် ၎င်း၏မောင်းနှင်တန် စက်ခလုတ်ကို မနှင်သေးသမျှ ကာလပတ်လုံး မရွေ့လျားသေးဟူ၍ ထင်နေကြ၏။ ဤအချက်ကို ခရစ်ယာန်ဂိုဏ်းတော်က ယထာဘူတကျကျ မသုံးသပ်နိုင်ဘဲ ယေဘုယျသဘောမျှသာ စဉ်းစားဆုံးဖြတ်၍ "ပထမဦးဆုံးစိတ်စေတသိက်" (the first impulse) အား လှုပ်ရှားမှုမရှိသော အခြေအနေမှ လှုပ်ရှားမှုရှိသော အခြေအနေသို့ ထာဝရဘုရားသခင်၏ မြင့်မြတ်သော တန်ခိုးတော်၌ အခြေခံသည်ဟူ၍ ယုံကြည်လျက် ရှိသည်။ ရုပ်တရား၏ သူ့အလိုအလျောက် လှုပ်ရှားပြောင်းလဲမှုရှိနေကြောင်းကို ကမ္ဘာပေါ်တွင် အလွန်ထင်ပေါ်ကျော်ကြားလူသိများလှသည့် နယူတန် (Newton) သည်ပင်လျှင် ရှင်းလင်းပြောပြနိုင်မည် မဟုတ်ပေ။

သဘာဝတရားကို ခရစ်ယာန်ဂိုဏ်းတော်က "ပထမဦးဆုံးသော စိတ်စေတသိက်ထည့်သွင်းပေးခြင်း" အား ထာဝရဘုရားသခင်က ပြုလုပ်ပေးခြင်းအားဖြင့် ရုပ်တရား၏ စတင်လှုပ်ရှားမှုဖြစ်ပေါ်ပြီး နောက်ပိုင်းမှသာလျှင် ရုပ်တရားအား သဘာဝအတိုင်း အမြဲထာဝရ လှုပ်ရှားမှုရှိစေရန် ထာဝရဘုရားသခင်က "အချိန်ကာလတည်းဟူသော နာရီစက်ကိုလှည့်ပေးသည်" (Wound the clock) ဟု စဉ်းစားဆုံးဖြတ်ခဲ့သည်။ သို့သော် ရုပ်တရား၏ ဤကဲ့သို့ လှုပ်ရှားမှုကင်းမဲ့သော အခြေအနေဆိုသည်မှာ ဖြစ်နိုင်ဖွယ်ရာရှိပါ၏လော။ တစ်နည်းအားဖြင့် ဆိုရလျှင် ရုပ်တရားမလှုပ်ရှားသော အချိန်အခါတည်ရှိနိုင်ပါသလား။?

လွန်ခဲ့သောနှစ်ပေါင်း နှစ်ရာခန့်က သိပ္ပံပညာက အာကာသဟင်းလင်းပြင်အတွင်း တည်နေရာပြောင်းရွှေ့ခြင်းဟူသော လှုပ်ရှားခြင်းပုံစံတစ်ခုတည်းကိုသာလျှင် စူးစမ်းသိရှိနိုင်ခဲ့သည်။ ထိုအချိန်က ခန္ဓာကိုယ်တစ်ခုသည် ပြင်ပစွမ်းအင်တစ်ခုခုက မူလအခြေအနေမှ သယ်ဆောင်ခြင်း မပြုသေးသမျှ ထိုနေရာ၌တည်ရှိနေလိမ့်မည်ဟု အစစ်အမှန်တရားအဖြစ် လက်ခံခဲ့သည်။ ဤရှုမြင်မှုကို သဘာဝတရားတစ်ခုလုံးသို့ သက်ဆိုင်အကျုံးဝင်အောင် ပြုလုပ်ထားခဲ့သည်။ သို့သော် ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒပညာတို့၏ ဖွံ့ဖြိုးတိုးတက်မှုက လှုပ်ရှားမှုသည် အမျိုးမျိုးသော ပုံသဏ္ဌာန်ဖြင့် ပြသခဲ့သည်။

ဥပမာတစ်ခုအဖြစ် အပူအငွေ့တစ်ခုကို ယူကြည့်ပါ။ ရေနွေးအိုးတစ်ခု၌

mgyoe.com

mgyoe.com

လှုပ်ရှားဖြစ်ပေါ်ခြင်း၏ ရလဒ်မှ ဓာတ်ပြုမှုသဘောအရ ပြောင်းလဲမှုမရှိသော အသေးဆုံး အရာဝတ္ထုများအဖြစ် ခွဲထွက်နိုင်ခြင်းဘက်သို့ လှည့်ပြောင်းသွားနိုင်သည်။ ဓာတ်ပြုခြင်းသဘောအရ ပြောင်းလဲမှုမရှိသော သေးငယ်ဆုံး အရာဝတ္ထုများ၏ လှုပ်ရှားမှုကြောင့် ရေပူလောင်ခြင်း ဖြစ်သည်။ ဤသဘောတရားမှာ စက်မှုသဘောအရ လှုပ်ရှားခြင်း မဟုတ်ဘဲ အသစ်အသစ်ဖြစ်ပေါ်သည့်သဘောနှင့် အဟောင်းတို့၏ ပိုမိုရောနှောပေါင်းစပ်မှုကြောင့် ဖြစ်သည်။ လျှပ်စစ်ဓာတ်ဆက်တိုက် စီးဆင်းသွားလာနေခြင်းတွင် လျှပ်စစ်ဓာတ်မှုန့်များ စီးနေခြင်း ဖြစ်သည်။ စက်မှုသဘောအရ တွန်းကန်မှုတစ်ခုသည် လှုပ်ရှားမှုဖြစ်၍ လျှပ်စစ်ဓာတ်မှုန့်များ များပြားလာခြင်း သို့မဟုတ် လျော့ပါးသွားခြင်းကြောင့် ဖြစ်ပေါ်လာသည့် လျှပ်စစ်ဓာတ်ပါသော အမှုန်အမွှားများ စုပေါင်းခြင်းသည် ပို၍ပို၍ ရောနှောပေါင်းစပ်သော ဖြစ်စဉ်ရှိနေခြင်းကြောင့် ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း သတ္တဝါတစ်ခု၌လည်း အမြဲမပြတ်လှုပ်ရှားသည့်အနေအထား ဖြစ်သည်။ လူနေမှုစနစ်အတွင်း၌လည်း မကြာခဏ ထပ်ပြန်တလဲလဲဖြစ်ပေါ်သည့် ဖြစ်စဉ်များက နေရာယူထား၏။ လူမှုရေးပြောင်းလဲမှုဖြစ်စဉ်များကို လူထုကိုယ်တိုင်က ပြောင်းလဲနိုင်သည်။

ဤအကြောင်းအရာ အချက်အလက်များအားလုံးနှင့် စပ်လျဉ်း၍ မည်သည့် နိဂုံးချုပ်အချက်ကို ဆွဲထုတ်ဖော်ပြသင့်ပါသနည်း။ ဆွဲထုတ်ပြသင့်သည့် အချက်မှာ "လှုပ်ရှားခြင်း၏ အထွေထွေအပြားပြား ပုံစံများသည် သဘာဝတရားအတွင်း တည်ရှိနေသည်။" (Various forms of motion exist in nature) ဟူ၍ ဖြစ်သည်။ စက်မှုသဘောအရ လှုပ်ရှားခြင်းဖြစ်သည့် ရုပ်တရား သို့မဟုတ် လူ့ ခန္ဓာကိုယ်၏ ဓာတ်အမှုန့်အမွှားတို့သည် အာကာသအတွင်း၌ ပုံမှန်အနေအထား၌ ရှေ့သို့တက်လှမ်းခြင်းသည် ပထမဆုံးအချက် ဖြစ်သည်။ ဒုတိယအချက်အနေဖြင့် လှုပ်ရှားမှု၏ ဓာတုစွမ်းအင်ပုံစံ၊ လျှပ်စစ်ဓာတ်အမှုန့်များ များပြာလာခြင်း သို့မဟုတ် လျော့ပါးသွားခြင်းဖြစ်ပေါ်လာသည့် လျှပ်စစ်စုပေါင်းပါဝင်ခြင်းနှင့် ဓာတုစွမ်းအား၏ တွန်းကန်ချက် ဖြစ်သည်။ စတုတ္ထအချက်အနေဖြင့် လှုပ်ရှားမှု ဇီဝစွမ်းအင်ဆိုင်ရာ ပုံစံ သို့မဟုတ် သတ္တဝါ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းအတွင်းဖြစ်ပေါ်သော ပြောင်းလဲမှုများ ဖြစ်သည်။ ပဥ္စမအချက်မှာ လှုပ်ရှားမှု၏ လူမှုရေးဆိုင်ရာ စွမ်းအင်ပုံစံ

mgyoe.com

ဆိုလိုသည်မှာ လူမှုရေးဘဝပြောင်းလဲနေမှု ဖြစ်သည်။

ထို့ကြောင့် လှုပ်ရှားမှုဆိုသည်မှာ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများ၏ အာကာသအတွင်း ရိုးရှင်းစွာဖြင့် မှန်ကန်သည့် ပုံမှန်အခြေအနေမှ ရှေ့သို့တက်လှမ်းခြင်းဖြစ်သည်ဟူ၍ မဆိုနိုင်ပေ။ လှုပ်ရှားခြင်းသည် ယေဘုယျ အဆန်ဆုံး အနေအထားဖြင့် အတွေးအခေါ် အယူအဆပိုင်းဆိုင်ရာ စကားရပ်၏ ရှုမြင်မှု ပြဿနာအား ကျွန်ုပ်တို့ စဉ်းစားခဲ့ကြခြင်း ဖြစ်သည်။ ဤအချက်သည် လှုပ်ရှားမှု ပုံစံများအားလုံးတို့၏ အဓိကအကျဆုံးစရိုက် လက္ခဏာကို ဖော်ပြချက်သည် မည်သည့်အရာဖြစ်သည်ကို ပမာဏအားဖြင့် ဆုံးဖြတ်ချက်ချမှတ်ရန် အကြံပြုထား သည်။

"စကြဝဠာ ကမ္ဘာလောကအတွင်း ဖြစ်ပေါ်လွှမ်းခြုံထားသည့် လှုပ်ရှားမှု သည် အရာဝတ္ထုတစ်ခု တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းထားရှိခြင်းမှစ၍ စဉ်းစားတွေးခေါ်ခြင်းအထိ အားလုံးသော ပြောင်းလဲမှု ဖြစ်စဉ်များနှင့် ရှေ့သို့ ဆက်လက်သွားနေသည့် အစဉ်အတန်းများလည်း ပါဝင်သည်။" ဟူ၍ လည်းကောင်း

"အရာဝတ္ထုများ ပြောင်းရွှေ့နေရာချထားခြင်း သို့မဟုတ် သဘာဝ တရား ပြောင်းလဲခြင်းများအပါအဝင်ပို၍ မှန်ကန်စွာဆိုရလျှင် ကမ္ဘာပေါ်၌လည်း ရုပ်တရား ၌လည်းကောင်း၊ နေရာတိုင်းတွင် လှုပ်ရှားမှုပါဝင်သည်" ဟူ၍လည်း ရုရှားနိုင်ငံမှ တွေးခေါ်ပညာရှင် အိန်ဂျယ် (Engels) က အနုပဋိလောမ ရုပ်သဘာဝ" (Dialectics of Nature) စာအုပ်တွင် ရေးသားဖော်ပြထားသည်။ ဤသို့ ပြောင်းလဲ ခြင်းသည် ယေဘုယျသဘော ပြောင်းလဲခြင်း ဖြစ်သည်။

အခြေအနေတစ်ခုတည်း၌ မပြောင်းမလဲ အမြဲတည်တံ့နေသော ရုပ်တရား ဆိုခြင်းမှာ ဖြစ်နိုင်ပါ၏လော။ ? အမှန်စင်စစ်အားဖြင့်တော့ မရှိပါ။ အတိတ်ဝေးစွာ ဟိုးရှေးသရောခါ လူသတ္တဝါဟူ၍ မရှိသေးမီ တိရစ္ဆာန်ဟူ၍လည်း မရှိသေးမီ၊ သက်ရှိလောကဟူ၍ မရှိသေးမီ အချိန်ကြာမြင့်စွာကပင်လျှင် ရုပ်တရားသည် ဖြစ်ပျက်ပြောင်းလဲမှု ရှိနေခဲ့၏။ ဓာတ်ပြုမှုသဘော မပြောင်းလဲပဲ ခွဲခြမ်းစိတ်ဖြာ နိုင်သည့် အသေးငယ်ဆုံးဖြစ်သော အရာဝတ္ထုများနှင့် အဏုမြူမှုန်များနှင့်ဖော်ပြခဲ့ သော အရာဝတ္ထုများသည် စဉ်ဆက်မပြတ်လှုပ်ရှားမှု အတွင်းအကျုံးဝင်ပါရှိသည်၊

ထို့ကြောင့် အရိုးကဲ့သို့ မာကျောလာသည့် အပြည့်အစုံ လုံးဝဥဿုံလှုပ်ရှားမှုမရှိသော ကိုယ်ကောင်ဟူ၍ မည်သည့်အခါမျှ မရှိခဲ့ပေ။ ဤမျှသာမက ဆက်လက်၍ ဖော်ပြရလျှင် အကယ် အဏုမြူမှုန်များ ဓာတ်ပြုခြင်းမပြောင်းလဲဘဲ ခွဲခြမ်းစိတ်ဖြာနိုင်သည့် အသေးငယ်ဆုံးသော အရာဝတ္ထုများနှင့် လျှပ်စစ်မြူမှုန်များရှိခဲ့ပါမူကား ဓာတုဆိုင်ရာတုံ့ပြန်သော စွမ်းအင်မဆုံးရှုံးနိုင်ပေ။ ထို့ကြောင့် ရုပ်တရား၏ ဓာတုဆိုင်ရာ လှုပ်ရှားခြင်းသည်လည်း ရှိနေခဲ့ပေ၏။

သို့ဖြစ်၍ ရုပ်တရားသည် လှုပ်ရှားမှုမရှိသော အခြေအနေတွင် ဘယ်အခါကမျှ တည်တံ့နေခြင်းမရှိကြောင်း အလွယ်တကူဖြင့် နားလည်နိုင်၏။ ထို့ကြောင့် လှုပ်ရှားမှုသည် ရုပ်တရား၌ လူသတ္တဝါဖြစ်ခြင်း၏ အသွင်သဏ္ဍာန်ဖြစ်ကြောင်း ကျွန်ုပ်တို့ ဆိုလိုသည်။ လှုပ်ရှားမှုသည် ရုပ်တရားနှင့်ခွဲခြား၍ မရနိုင်သောအရာဖြစ်၍ (ဝါ) အတွေးအခေါ် ပညာရှင်များတင်ပြခဲ့သည့်အတိုင်း ရုပ်တရား၏ အရည်သွေးကို သဘာဝအတိုင် ရှုမြင်ခြင်း ဖြစ်သည်။ လှုပ်ရှားမှုမရှိသည့် ရုပ်တရားဟူ၍ မရှိနိုင်ပေ။ ရုပ်တရားသည် လှုပ်ရှားမှုအတွင်း၌သာလျှင် ဖြစ်ပေါ်နိုင်သည်။

ဤနိဂုံးချုပ်သဘောထားကို ကျွန်ုပ်တို့၏ လက်တွေ့ကျသော အတွေ့အကြုံအရ မှားယွင်းပါသည်ဟူ၍ အခိုင်အမာသက်သေမပြနိုင်သည့် အထောက်အထားက အတည်ပြုခဲ့သည်။ စက်မှုလက်မှုဆိုင်ရာတွင်ခုံတစ်ခု၏ ခုတ်မောင်းလည်ပတ်မှုကြောင့် ယင်းတွင်ခုံ၏ အစိတ်အပိုင်းများ ပူလာသည်။ ဤအချက်က စက်မှုလက်မှုပုံစံအားဖြင့် လှုပ်ရှားမှုအသွင်သဏ္ဍာန်မှသည် အပူဓာတ်ပုံစံအားဖြင့် လှုပ်ရှားမှုအသွင်သို့ ပြောင်းလဲခြင်းဖြစ်သည် ဖော်ပြသည်။ (တွင်ခုံအစိတ်အပိုင်းများ လှည့်ပတ်မှုကြောင့်ဖြစ်သည်) လူတစ်ဦးတစ်ယောက်အနေဖြင့် အင်ဂျင်စက်တစ်ခု၏ လုပ်ငန်းလည်ပတ်မှုဖြစ်စဉ်၌ ရေနွေးငွေ့အားဖြင့် ပေါက်ကွဲမှုကြောင့် ဘီးများအားလည်ပတ်ရွေ့လျားစေသည်။ ဤနေရာ၌ အပူဓာတ်စွမ်းအားသည် စက်မှုစွမ်းအားသို့ ပြောင်းသွားခြင်း ဖြစ်သည်။

အထက်ဖော်ပြပါ အချက်အလက်များက ယေဘုယျအဆုံးအဖြတ် ချမှတ်ပေးသည်မှာ လှုပ်ရှားမှုသည် ဘာတစ်ခုမျှမရှိသော အခြေအနေ၌ ဖန်တီး၍ မဖြစ်နိုင်သကဲ့သို့ ဘာတစ်ခုမျှမရှိသော အခြေအနေတွင် ကွယ်ပျောက်ခြင်းမရှိကြောင်း

mgyoe.com

mgyoe.com

သိပ္ပံပညာရပ်က တွေ့ရှိခဲ့သည်။ လှုပ်ရှားမှုတစ်မျိုးတည်းကသာလျှင် အသွင်သဏ္ဍာန်တစ်ခုမှ အခြားသော အသွင်သဏ္ဍာန်သို့ ပြောင်းလဲဖြစ်ပေါ်စေနိုင်သည်။ သဘာဝတရားကို အခြေခံ၍ လေ့လာခြင်းဖြစ်သည့် သိပ္ပံပညာရပ်၏အရေးပါသည့် ဤရေးသားမှုအား စွမ်းအင်ကိုထိန်းသိမ်းခြင်းနှင့် ပြောင်းလဲခြင်းဥပဒေသဟူ၍ ခေါ်သည်။

ရုပ်တရားသည် အကယ်၍ တစ်ချိန်တစ်ခါက လှုပ်ရှားမှုမရှိသော အခြေအနေတွင် ရှိနေခဲ့ဖူးပါက အဆိုပါ ရုပ်တရားအတွင်း လှုပ်ရှားမှုဖြစ်ပေါ်လာနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် လှုပ်ရှားမှု (motion) သည် ရုပ်တရားအတွင်း အစဉ်အမြဲ သဘာဝတရားအဖြစ်ဖြင့် ထာဝရတည်ရှိနေမည် မဟုတ်ပေ။ ထို့အပြင် ၎င်းသည် "အလိုဆန္ဒတော်" တစ်ခုခု (any first impulse) မလိုအပ်ပေ။ မည်သည့်အချိန်အခါကမျှ "အလိုဆန္ဒတော် တစ်ခုမရှိခဲ့ဖူးပေ။"

ဤသို့ဆိုခြင်းကြောင့် အနူပဋိလောမရုပ်ဝါဒက မလှုပ်မရှားငြိမ်သက် ခြင်း (existence of rest) မရှိဟူ၍ အဓိပ္ပာယ် မကောက်ယူပေ။ မလှုပ်မရှား ငြိမ်သက်ခြင်းမှာ သဘာဝတရားအတွင်း ပါဝင်သည်။ သို့သော် နှိုင်းယှဉ်၍ သိမြင်နားလည်ခြင်း ဖြစ်သည်။ ဆိုလိုသည့်အဓိပ္ပာယ်မှာ အရာခပ်သိမ်းတို့သည် မလှုပ်မရှား ငြိမ်သက်ခြင်းဟူ၍ သဘာဝတရားအတွင်း မရှိပေ။ ဤအချက်ကို အထက်၌ ဖော်ပြထားပြီး ဖြစ်သည်။

အကယ်၍ အရာဝတ္ထုသည် မလှုပ်မရှား ငြိမ်သက်မှုဖြစ်နေပါက ထိုအရာဝတ္ထုအား အကြောင်းခြင်းရာတစ်ခုခုနှင့်နှိုင်းယှဉ်၍ သိနိုင်၏။ ဥပမာအားဖြင့် မော်တော်ကားဖြင့် သွားနေသော ခရီးတစ်ခုတွင် ကျွန်ုပ်တို့သည် ပြေးလွှားရွေ့လျားနေသော ကားနှင့်နှိုင်းယှဉ်လျှင် ကျွန်ုပ်တို့က ငြိမ်သက်ခြင်း၌ ရှိနေသည်။ သို့သော် ကျွန်ုပ်တို့သည် လုံးဝငြိမ်သက်မှုရှိသည်ဟူ၍ မပြောနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ခန္ဓာကိုယ်အတွင်း၌ စဉ်ဆက်မပြတ် ပြောင်းလဲမှုဖြစ်နေခြင်းကြောင့် ဖြစ်သည်။

ငြိမ်သက်နေခြင်းသဘောကို အနုပဋိလောမအားဖြင့် လေ့လာသိရှိ နားလည်ခြင်း **(the dialectical conception of rest) မှာ မပြည့်မစုံ တစ်ပိုင်းတစ်စဖြင့်

mgyoe.com

mgyoe.com

ကြောင်းကျိုးဆီလျော်စွာ ဆက်စပ်တွေးခေါ်ချက်အပေါ် အခြေခံသည့်သဘော တရား *(Metaphysical conception) နှင့် အခြေခံကျလှသော အရင်းအမြစ်မှစ၍ ကွဲပြားခြားနားသည်။ အနုပဋိလောမရုပ်ဝါဒသည် (dialectical meterialism) က အဆိုပါ မလှုပ်မရှား ငြိမ်သက်ခြင်းဟူသော သဘောတရားအား ဆန့်ကျင်သည်။

သဘာဝတရားအတွင်း၌ အဆုံးအဖြတ်ပေးနိုင်လောက်သည့် အရေးပါ အရာရောက်မှုသည် မည်သည့်အရာဖြစ်ပါသနည်းဆိုသော လှုပ်ရှားမှု၊ ဖွံ့ဖြိုး တိုးတက်မှု ပြောင်းလဲမှုတို့ဖြစ်ပြီး မလှုပ်မယှက် ငြိမ်သက်နေခြင်းတော့ မဟုတ်ချေ။ လှုပ်ရှားခြင်းအား ရုပ်တရား၏ သဘာဝတရားနှင့်လျော်ညီစွာ ရှုမြင်တတ်သော အရည်အချင်းအဖြစ် တညီတစ်ညွတ်တည်း သံပြိုင်ငြင်းဆိုချက်က ထာဝရဘုရား သခင်ဟူသော စိတ်ကူးကြံစည်ချက်သို့ ရှေးရှုဦးတည်စေခဲ့သည်။ ဤငြင်းဆိုချက်ကို အဘယ်ကြောင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးချနေခဲ့ကြပါသနည်းဆိုသော် ခေတ်သစ် စနစ်သစ် ကာတိုလစ်ခရစ်ယာန်ဂိုဏ်း၏ တရားဝင်အယူအဆ ဒဿနဖြစ်သည့် Neo-Thomists *ပညာရပ်၏ အထူးထင်ရှားသည့် အတွေးအခေါ်ပညာရှင်များ ကြောင့် ဖြစ်သည်။ ဥပမာ သာဓကအနေဖြင့် ပြင်သစ်နိုင်ငံ Neo - thomist ဖြစ်သူ ဘုန်းတော်ကြီး ကာလ်ဗက်(စ်) (Calvez) က ဖွံ့ဖြိုးတိုးတက်မှုသည် သဘာဝ တရား၏ လှုပ်ရှားမှုဖြစ်ပေါ်သည့်စွမ်းအားမှာ ထာဝရဘုရားသခင်ကျေးဇူးတော်၏ အကြောင်းတရားကြောင့်သာလျှင် ဖြစ်ပေါ်နိုင်သည်ဟူ၍ ကြေညာခဲ့သည်။ သို့သော် ရုပ်တရား (Matter) နှင့် သဘာဝနိယာမ (Motion) သည် အခြေခံကျစွာဖြင့် သဘာဝတရားကပေးအပ်ခဲ့သည့် ခွဲခြား၍မရစကောင်းသည့် ပစ္စည်းဖြစ်သည်။ အစဦးထာဝရ မပျက်စီးဘဲ အမြဲတည်ရှိနေခဲ့သော အရာဝတ္ထုတစ်ခု၏ မူလဇာစ်မြစ် ကို မေးမြန်းခြင်းမှာ အဓိပ္ပာယ်ကင်းမဲ့ပေသည်။ ရုပ်တရား၏လှုပ်ရှားမှုကို မည်သူ

---

* Metaphysics - from the Greck" meta- ta - phsika" after physics. This was the title Aristole gave to the section of his work on philosophy devoted to the speculative thought, following the section called " physics." Later the term metaphysics apply to the method of cognition apposed to dialectics.

** Dialectics-from the greack " dialego" to convese, dispute. Sn antiquity it meant the art of arriving at the truth by discovering contradictions in the arguments of an apponent and over coming them. Later it came to be applied to a method of apprehending reality.

mgyoe.com

ပေးခဲ့သနည်းဟူသော မေးမြန်းချက်သည် အသိဉာဏ်အမြင်မရှိခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လှုပ်ရှားမှုသည် ရုပ်တရားနှင့်ခွဲခြား၍မရသောကြောင့် ဖြစ်သည့်အပြင် ဖြစ်တည်မှုတစ်ခု၏ အတွင်းသဏ္ဍာန်ဖြစ်သောကြောင့်ဟူလို။ ရုပ်တရားတွင် ပါဝင်ဖြစ်တည်နေသည့်အခြားသော အသွင်သဏ္ဍာန်များမှာ မည်သည့်အရာများဖြစ်ပါသနည်း။။

*

* Neo-Thomism is the offcial philosophy of moderm Catholicism.

mgyoe.com

## အာကာသနှင့်အချိန်ကာလတို့သည် ရုပ်တရားပါဝင်ဖြစ်တည်မှု၏ ပုံသဏ္ဌာန်အသွင်အပြင်ဖြစ်သည်။

(Space and time are forms of the existence of matter)

အားလုံးသော အရာဝတ္ထုပစ္စည်းပစ္စယများသည် အနားသုံးဖက်အမြင်ဖြင့် တွက်ချက်ရယူနိုင်သည့် ထုထည်ပမာဏဖြစ်သော အလျား၊ အနံ၊ အမြင့် ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုချက် ရှိသည်။ ဤကဲ့သို့သော ထုထည်ပမာဏရှိသည့် အရာဝတ္ထု တိုင်းသည် အာကာသတစ်ခုစီကို ပိုင်ဆိုင်ထားသည်။ ထိုမျှမကသေးဘဲ ၎င်းတို့သည် တစ်ခုနှင့်တစ်ခု ပို၍ဝေးကွာခြင်း သို့မဟုတ် ပို၍ နီးကပ်ခြင်း၊ ပို၍မြင့်မားခြင်း သို့မဟုတ် ပို၍နိမ့်လျှောခြင်း၊ လက်ယာဘက် သို့မဟုတ် လက်ဝဲဘက်၌ တည်ရှိခြင်း တို့ဖြင့်အာကာသ အတွင်းဖြစ်တည်နေ ကြခြင်းဖြစ်သည်။ ဆိုလိုသည့်အချက်မှာ ရုပ်တရားရော လှုပ်ရှားမှုပါ အာကာသမရှိခဲ့လျှင် ဖြစ်ပေါ်တည်တံ့ခြင်း မဖြစ်နိုင် ပေဟူ၍ဖြစ်၏။ သို့သော် ကျွန်ုပ်တို့ တွေ့မြင်သိရှိခဲ့ပြီးဖြစ်သည့် အားလျော်စွာ ရုပ်ဝတ္ထုပစ္စည်းများ အားလုံးသည် ကျွန်ုပ်တို့ခေါ်ဆိုသည့် ရုပ်တရား၌ ပါဝင်သည်။ ထို့ကြောင့် ရုပ်သည်အာကာသမရှိဘဲ ဖြစ်ပေါ်တည်တံ့ခြင်း မရှိနိုင်ပေ။ ဤအချက် က အဘယ်ကြောင့် အာကာသသည် ရုပ်တရားဖြစ်တည်ခြင်း၏ အသွင်သဏ္ဌာန် တစ်ခုဖြစ်သည်ကို ပြဆိုခြင်း ဖြစ်သည်။

ထိုမျှသာမက ဆက်လက်ဖော်ပြပါဦးအံ့ ကမ္ဘာလောကအတွင်းရှိ လှုပ်ရှားမှု၊ တိုးတက်ကြီးထွားမှု၊ သဘာဝအရာအားလုံးသည် စဉ်ဆက်မပြတ် အမြဲထာဝရ ပြောင်းလဲမှုအတွင်း ပါဝင်လျက် ရှိသည်။ သို့ရာတွင် အဆိုပါ ပြောင်းလဲမှုများသည် မည်သို့မည်ပုံဖြစ်ပေါ်နေပါသနည်း။ ရှင်းလင်းလွယ်ကူသော ဥပမာသာဓကတစ်ခု ကို ဖော်ပြပါမည်။ အသင်ကိုယ်တိုင်၏ ငယ်ရွယ်စဉ် ကလေးဘဝက ရိုက်ကူးထား သည့် ဓာတ်ပုံနှင့် ယနေ့ရိုက်ကူးသည့် ဓာတ်ပုံများကို ယှဉ်၍ကြည့်ရှုပါ။ ပြောင်းလဲ ခြင်းသည် အချိန်ကာလနှစ်ပရိစ္ဆေဒများ အတွင်းဖြစ်ပေါ်ခဲ့သည်ကိုလည်းကောင်း၊ အားလုံးသော ပြောင်းလဲမှုဖြစ်စဉ်များသည် အချိန်ကာလ (time) အပေါ်မှီတည်

mgyoe.com

နေကြောင်း သင်သတိပြုမိပေလိမ့်မည်။

ထပ်လောင်း၍ဖော်ပြရလျှင် ကမ္ဘာလောကအတွင်းရှိ ပြောင်းလဲမှု ဖြစ်စဉ် အားလုံးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်ဖြစ်ပေါ်လျက် ရှိကြသည်။ (ထိုသို့ ဆက်စပ်ဖြစ်ပေါ်ချုပ်ပျောက်ခြင်းကို ဗုဒ္ဓကပဋ္ဌာန်းဟူ၍ ဟောထားခဲ့သည်။) နေ့ အချိန်၏နောက်တွင် ညဥ့်အဖြစ် ပြောင်းလဲရမည်သာဖြစ်သကဲ့သို့ မွေးဖွားခြင်း ၏နောက်တွင် ကြီးရင့်ခြင်း၊ အိုမင်းခြင်း၊ သေဆုံးခြင်းတို့က မလွဲမသွေလိုက်ပါ ပြောင်းလဲရမည်ဖြစ်သည်။ အကြောင်းအရာတစ်ခုသည် စော၍ဖြစ်ပေါ်နိုင်သလို အခြားအကြောင်းအရာတစ်ခုသည် လည်း နောက်တစ်ချိန်၌ ဖြစ်ပေါ်လာနိုင်၏။ ၎င်းပြောင်းလဲမှုအားလုံးတွင် တိကျသေချာသော အချိန်ကာလတစ်ခုစီ ရှိနေကြ သည်။ ဤဆက်စပ်မှုရှိစွာ ဖြစ်ပေါ်နေသည့် အဖြစ်အပျက်အကြောင်းအရာများ၏ သက်တမ်းသည် အချိန်ကာလ (time) အတွင်း အကျုံးဝင်ပါရှိသည်။

ဤသို့အားဖြင့် ကမ္ဘာလောကအတွင်း ဖြစ်ပျက်သမျှသော အရာခပ်သိမ်းတို့ သည် အချိန်တိုကာလအတွင်း ဆက်လက်ဖြစ်ပွားနေကြပေသည်။ ထို့ကြောင့် အချိန်ကာလသည်လည်း ရုပ်တရားဖြစ်တည်နေခြင်း၏ အသွင်သဏ္ဍာန်တစ်ခု ဖြစ်သည်။

(Conditional relationship is inclusive in the time and space ) ဘာသာပြန်သူ၏အယူအဆ) "ကမ္ဘာလောက၌ ရုပ်တရားနှင့်လှုပ်ရှားမှုမှ တစ်ပါး အခြားသောအရာ မရှိချေ။ ရုပ်တရားနှင့် လှုပ်ရှားမှုတို့သည်လည်း အာကာသနှင့် အချိန်ကာလမရှိလျှင် ရွေ့လျားမှု မဖြစ်နိုင်ပေ။" (There is nothing in the world but matter in motion, and matter in motion cannot have otherwise than in space and time) Lenin

အကယ်၍ အာကာသနှင့် အချိန်ကာလတို့သည် ရုပ်တရားဖြစ်တည် နေခြင်း၏ အသွင်သဏ္ဍာန်များအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုပါက ၎င်းတို့နှစ်ခုအတွင်း၌ များစွာသော ခြားနားချက်ရှိမည်မဟုတ်ဟူ၍ အသင်ပြောနိုင်ပါ၏။ သို့သော် အာကာသနှင့် အချိန်ကာလတို့အား များစွာကွာခြားသည်ဟု ဆိုထားသည်ကို အသင် တွေ့ရှိခဲ့ပြီး ဖြစ်သည်။ အာကာသသည် ရုပ်တရားဖြစ်တည်မှု၏ အသွင်သဏ္ဍာန်

တစ်ခုဖြစ်၍ ရုပ်ဝတ္ထုတစ်ခု၏ အလျား၊ အနံ၊ အမြင့် ၎င်း၏ကုဗတို့နေရာယူမှုကို အဓိပ္ပာယ်ဖွင့်ထားသည်။ သို့ပါသော်လည်း အချိန်ကာလသည် ရုပ်တရားဖြစ်တည်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်လာခြင်းတို့၏ သွင်ပြင်လက္ခဏာခြားနားချက်မှာ ရုပ်ဝတ္ထုပစ္စည်းများအတွင်း ဖြစ်စဉ်ပြောင်းလဲခြင်း၏ ဆက်စပ်နေမှုဖြစ်သည်။ ကွဲပြားခြားနားချက်သည် အလွန်ရှင်းလင်းစွာ သိမြင်နိုင်ပေ၏။ ရုပ်ဝတ္ထုပစ္စည်းများ၏ အာကာသနှင့်အချိန်ကာလကို သိသာထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ မည်သည့် အရာရုပ်ဝတ္ထုပစ္စည်းများအား အာကာသနှင့် အချိန်ကာလအတွင်း သဘာဝတရား၏ အမြဲတမ်း အစိတ်အပိုင်းအဖြစ် ပေးအပ်ထားခဲ့ပါသနည်း။?

အာကာသ၌ အနားသုံးဖက်ရှိ၏။ အဓိပ္ပာယ်မှာ အလျား၊ အနံနှင့် အမြင့်တည်းဟူသော အနားသုံးဖက်မှာ အာကာသ၏ အနေအထားဖော်ပြချက်အား အပြည့်အစုံ ထောက်ပံ့ထား၏။ အနားသုံးဖက်ပါရှိခြင်းသည် အာကာသ၏ အရေးအကြီးဆုံးသော ထူးခြားချက် ဖြစ်သည်။

အချိန်ကာလအတွင်း သဘာဝတရား၏ ဖြစ်ပျက်ပြောင်းလဲခြင်းများ သည် အတိတ်ကာလမှ ပစ္စုပ္ပန်ကာလ၊ ပစ္စုပ္ပန်ကာလမှ အနာဂတ်ကာလသို့သာလျှင် နောက်ပြန်ဆုတ်ခြင်း သို့မဟုတ် နောက်ကြောင်းပြန်လှည့်ခြင်း၊ မပြုဘဲ ရှေ့သို့သာ ဦးတည်သွားနေခြင်း ဖြစ်သည်။ လူတစ်ဦးတစ်ယောက်သည် "နာရီ၏စက် တစ်ချက် ချက်စဉ်ဆက်သွားနေဟန်" (Time machines) အား အလွယ်တကူ နာရီ၏လက်တံကို နောက်ပြန်လှည့်နိုင်၏။ နောက်တစ်ဖန်ထပ်မံ၍ သင်၏ ဓာတ်ပုံကိုကြည့် လိုက်ပါဦး၊ ငယ်စဉ်တောင်ကျေးကလေးဘဝမှ ယနေ့အချိန်ထိ ကြီးပြင်းလာခြင်းမှာ တစ်သမတ်တည်းရှေ့သို့သာလျှင် ဦးတည်ရွေ့လျားလာခြင်း ဖြစ်သည်။ ကွင်းဆက် ပမာစဉ်ဆက်မပြတ်သည့် အနေအားဖြင့် အချိန်ကာလ၏ အရေးကြီးဆုံးသော အပိုင်းမှာ နောက်သို့ပြန်ရွေ့၍မရခြင်း ဖြစ်သည်။

အချိန်ကာလနှင့် အာကာသတို့သည် သင်သိရှိထားသည့်အတိုင်း ကွာခြားပါ၏။ အချိန်ကာလနှင့် အာကာသနှစ်ခုလုံးကို အဘယ်ကြောင့် ကျွန်ုပ်တို့က ရုပ်တရား၏ဖြစ်တည်ချက် အသွင်သဏ္ဍာန်အားဖြင့် အဓိပ္ပာယ်ဖွင့်ဆိုရပါသနည်း။?

အရာဝတ္ထုများသည် အချိန်ကာလ၏ ဖြစ်တည်မှုမပါဘဲ အာကာသ

mgyoe.com

mgyoe.com

အတွင်းဖြစ်ပေါ်တည်တံ့မှု မရှိနိုင်ပေ။ အကယ်၍ အရာဝတ္ထုသည် အာကာသ အတွင်း၌ နေရာတစ်ခုစိုးပိုင်မှုရှိလျှင် ထိုအရာဝတ္ထုသည် တိကျသော အချိန်ကာလ တစ်ခုကိုလည်း စိုးမိုးပိုင်ဆိုင်သည်။ အရာဝတ္ထုတစ်ခုသည် အချိန်ကာလရှိနေစဉ် အတွင်း၌သာလျှင် အာကာသကို ပိုင်စိုးထား၏။ ဥပမာသာဓကတစ်ခုအဖြစ် ရထား အချိန်ဇယားတစ်ခုကို ကြည့်ပါ။ ရထားသည် ရထားလမ်းပေါ်ရှိ သတ်မှတ်သည့် နေရာသို့ သတ်မှတ်သည့် အချိန်နာရီတွင်း ယင်းရထားကသာ ပိုင်စိုးမှုရှိပြီး အခြား ရထားတစ်စင်းကလည်း ၎င်းသတ်မှတ်သည့် နေရာနှင့်သတ်မှတ်သည့် အချိန်နာရီ ကို ၎င်းကသာလျှင် ပိုင်စိုးမှုရှိနေပေသည်။ ရထားခုတ်မောင်းသွားလာနေစဉ် ဖြတ်သန်းရောက်ရှိသည့်နေရာနှင့် ထိုအချိန်ကာလတစ်ခဏတို့အား ခွဲခြား၍ ပြောကြားရန် မဖြစ်နိုင်ပေ။ မည်သည့်နေရာမှာလဲ၊ ဟူ၍လည်းကောင်း၊ မည်သည့် အချိန်မှာလဲဟူ၍လည်းကောင်း ခွဲခြားပြောကြား၍မရပေ။ အဘယ်ကြောင့်ဆိုသော် အချိန်နှင့်နေရာသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိသောကြောင့် ဖြစ်သည်။ မည်သည့်နေရာနှင့် မည်သည့်အချိန်ဟူသော မေးခွန်းများသည် ဖြစ်စဉ်တစ်ခုနှင့် အချိန်ကာလတို့၏ အာကာသအတွင်းမှ နေရာဌာနကို ညွှန်ပြနေသောကြောင့် ဖြစ်၏။

ဤနည်းအားဖြင့် အာကာသနှင့် အချိန်ကာလတို့သည် တစ်ခုနှင့်တစ်ခု ခွဲခြားမရအောင် ဆက်စပ်နေကြပေသည်။အချိန်ကာလကင်းမဲ့သော အာကာသ သည် နောက်ထပ် တစ်စုံတစ်ရာပိုမိုလျက် အာကာသမရှိသော အချိန်ကာလဖြစ် ပေါ်ရန်မရှိပေ၊ ထို့ပြင် ရုပ်တရားသည် အချိန်ကာလနှင့် အာကာသအတွင်းဖြစ် တည်နေရသဖြင့် ၎င်းအချက်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေရုံမျှသာမဟုတ် သေးဘဲ ရုပ်တရားနှင့်လည်း ခွဲခြားမရနိုင်ပေ။

အသင်က လုံးဝဘာတစ်ခုမျှ အလျဉ်းမရှိခြင်းကို အာကာသဟူ၍လည်း ကောင်း၊ ရုပ်တရားမရှိသော နေရာဒေသကိုလည်း အာကာသဟူ၍ ပြောဆိုပေ လိမ့်မည်။

လွန်လေပြီးသော အတိတ်ဝေးစွာ ရှေးရှေးသော အချိန်အခါက ဘာတစ်ခုမျှ မရှိခြင်းကသာလျှင် ကြီးစိုးလွှမ်းမိုးနေသည့်အာကာသ (The realm of empti-

mgyoe.com

mgyoe.com

ness) ရှိခဲ့ဖူးသည်ဟူ၍ ယုံကြည်ခဲ့ကြ၏။ မည်သို့ပင်ဖြစ်စေကာမူ ယနေ့အချိန်ကာလ သမယ၌မူကား သိပ္ပံပညာရှင်များက သဘာဝလောကဓာတ်အတွင်း ဘာတစ်ခုမျှမရှိသော အာကာသ (ပဋိစ္ဆေဒ) ဟူ၍ မရှိကြောင်း စမ်းသပ်တွေ့ရှိလက်ခံလာခဲ့ကြသည်။ ဥပမာ သာဓကေတစ်ခုအနေဖြင့် ဓာတ်ငွေ့စိမ့်ယိုထွက်ပြီးလေမရှိတော့သည့် ပြွန်တစ်ခုအတွင်းတွင် အခြားဓါတ်အမှုန်အမွှားကလေးများနှင့် လျှပ်စစ်ဓာတ်အမှုန်များနှင့် အဏုမြူမှုန်များ ကျန်ရှိနေပေသေး၏။ နေစကြဝဠာ၏ အကာသအတွင်း၌ ကြယ်တာရာများ အကြားရှိဓာတ်ငွေ့များ ဖုန်မှုန့်များပြန့်ကျဲလျက်ရှိသော ကြယ်ပုံ့များ၊ ဥက္ကာပုံ့များနှင့် အလွန်သေးငယ်သော အမှုန်အမွှာတို့အကြား၌ အစဉ်ထာဝရ အလင်းရောင်ခြည်များကို ဖြတ်သန်းနေမည်သာ ဖြစ်သည်။

ကမ္ဘာလူသားများစွာတို့သည် မိရိုးဖလာစဉ်ဆက် လက်ခံယုံကြည်ကိုးကွယ်ကြလျက် စိတ်၏ငြိမ်းချမ်းမှုကို ရှာကြံကြရာတွင် ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ဂျိန်းဘာသာ၊ ဆစ်ခ်ဘာသာ၊ ပါစီဘာသာ (ခ) ဇိုရိုအာဆရီးယား ဘာသာ၊ ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလမ်ဘာသာတို့သည် မိမိတို့၏ သဒ္ဓါယုံကြည်မှုအလျောက် ခေတ္တခဏအားဖြင့် စိတ်၏ငြိမ်သက်မှုကို ပေးစွမ်းနိုင်သော ဘာသာယုံကြည်ကိုးကွယ်မှုများ ဖြစ်ကြပါသည်။

သို့ဖြစ်လျှင် စိတ်၏ငြိမ်သက်မှုကိုသာ ပေးစွမ်းနိုင်သည်ဆိုပါက စိတ်၏ထာဝရငြိမ်းချမ်းမှုကို ရရှိရန် မည်သည့်အရာကို မည်သည့်ဘာသာက ပေးစွမ်းနိုင်ပါသနည်းဟူသော မေးခွန်းရှိလာနိုင်ပါ၏။ ဤမေးခွန်း၏အဖြေနှင့် ရှင်းလင်းတင်ပြချက်ကို နောက်ဆုံးအပိုင်းတွင် ဖော်ပြရန်ရည်ရွယ်ထားပါ၏။ ယခုရေးသားတင်ပြလိုသည် အချက်အလက် အကြောင်းအရာများမှာ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာများအတွင်း၌ တွေ့ရှိနိုင်သော စိတ်၏ငြိမ်သက်မှုကျင့်စဉ်များဖြစ်၍ ဗုဒ္ဓဘာသာနှင့် အစ္စလမ်ဘာသာ နှိုင်းယှဉ်ချက်ကို အတွဲ (၂) ဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာနှင့် ဂျူးဘာသာတို့အတွင်း တွေ့ရှိနိုင်သော စိတ်ငြိမ်သက်မှု ကျင့်စဉ်များအား အတွဲ (၃) ဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာနှင့် ပါစီဘာသာ (ဝါ) ဇိုရိုအာဆရီးယား ဘာသာတို့အတွင်း တွေ့ရှိနိုင်သော စိတ်ငြိမ်သက်မှု ကျင့်စဉ်များအား

mgyoe.com

mgyoe.com

အတွဲ (၄) ဖြင့်လည်းကောင်း၊ တင်ပြသွားမည် ဖြစ်ပါသည်။

ထို့အပြင် အတွဲ (၅) တွင် ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့၏ စိတ်ငြိမ်သက်မှုကျင့်စဉ်များ အတွဲ (၆) တွင် ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာတို့၏ စိတ်ငြိမ်သက်မှုကျင့်စဉ်များနှင့် အတွဲ (၇) ဖြင့် ဗုဒ္ဓဘာသာနှင့် ဆစ်ခ်ဘာသာတို့ စိတ်ငြိမ်သက်မှုကျင့်စဉ်များအား နှိုင်းယှဉ်ဖော်ပြသွားရန်ရှိပါကြောင်း ဘာသာယုံကြည် ကိုးကွယ်မှုတစ်ခုခု ရှိသူများသို့ သတင်းပေးပို့အပ်ပါသည်။

*

## ဗုဒ္ဓဘာသာ BUDDHISM

ဗုဒ္ဓ၏အဆုံးအမသာသနာသည် အိန္ဒိယပြည်အတွင်း၌ စတင်ပွင့်ထွန်းပေါ်ပေါက်လာသည့်အချိန်မှစ၍ နှစ်ပေါင်း (၁၅၀၀) ခန့်အထိ ၎င်း၏အဆုံးအမဒေသနာနှင့် ကျင့်သုံးလိုက်နာမှုများ တည်ရှိနေခဲ့သည်။ ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံအတွင်း B.C 600 ရာစုအချိန်မှစ၍ A.D 1200 ခုနှစ်ခန့်အထိ အလွန်အဓိပ္ပာယ်ပြည့်ဝစွာဖြင့် အရေးပါအရာရောက်သည့် ယုံကြည်ကိုးကွယ်မှုဘာသာတရား ဖြစ်ခဲ့သည်။ အကယ်၍ ဗုဒ္ဓဘာသာသည် သဘောတရား အယူအဆပေါင်းများစွာကို စုစည်းပေါင်းစပ်ဖွဲ့စည်းသည့်စနစ်ဖြင့် ကျယ်ပြန့်စွာ ဖြစ်ပေါ်လာသောဘာသာတစ်ခုဖြစ်သည်ဟူ၍ဆိုလျှင် အတွေးအခေါ်ပညာရှင်အများစုက လက်ခံနိုင်မည်ဖြစ်လေသည်။ သို့သော် လူတစ်ဦးတစ်ယောက်သည် ဗုဒ္ဓဘာသာ၏ သဘာဝယုတ္တိခိုင်ခံ့မှုကို သိမြင်နားလည်နိုင်ပါသည်။ ဗုဒ္ဓဘာသာ၏ အခြေခံ သဘောတရားများတွင် အောက်၌ဖော်ပြသည့် သဘောတရား (၃) ချက်မှာ ဗုဒ္ဓအဘိဓမ္မာ၏ အနှစ်သာရဖြစ်သည်။

(၁) အရာခပ်သိမ်းတို့၏ စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေမှု (Flux of Momentariness) ခေါ် (အနိစ္စ)

mgyoe.com

(၂) သတ္တလောကတစ်ခုလုံး ပျော်ရွှင်ချမ်းမြေ့ ကြည်နူးဖွယ်ရာဟူ၍မရှိ ဆင်းရဲဒုက္ခမျှသာဖြစ်ခြင်း၊ သဘော (ဒုက္ခ) (Universal Suffering of Psycho Physical Complex of Human Beings) ခေါ် (ဒုက္ခ)

(၃) အသက်ကောင်၊ လိပ်ပြာကောင်၊ ဝိညာဉ်ကောင်ဟူ၍ မရှိခြင်း၊ (Soul-lessness in Existence of Life) ခေါ် (အနတ္တ)

ပုဂ္ဂိုလ်သတ္တဝါ ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ဟူ၍မရှိ၊ အသက်လိပ်ပြာ၊ အတ္တဇီဝ (Atta Jiva) ဟူ၍မရှိ၊ အရာခပ်သိမ်းစဉ်ဆက်မပျက် ဖြစ်ပျက်ပြောင်းလဲနေသော ရုပ်နာမ်သဘောမျှသာ ဖြစ်သည်ဟူ၍ လက်ခံ ယုံကြည်မှုသည် ဗုဒ္ဓဘာသာ၏ အခြေခံအကျဆုံး သဘောတရားများ ဖြစ်၏။ အရာခပ်သိမ်းသည် တည်တံ့ခိုင်မြဲနေသည့် သဘောမရှိ၊ အစဉ်အမြဲရွေ့လျော ပြောင်းလဲနေခြင်းသဘောသာရှိ၏။ ဤသို့သော အခြင်းအရာကြောင့် တည်ဆဲခဏတွင် သာယာကြည်နူးမှုသည် ချက်ချင်းပင် ပျက်စီးပျောက်ဆုံးမှုသို့ ဆိုက်ရောက်သွား၏။ အရာခပ်သိမ်းတို့သည် ဖြစ်ပြီးကာစ မူလအခြေအနေမှ မပြောင်းမလဲ တည်မြဲနေအောင် မည်သူတစ်ဦးတစ်ယောက်မျှ လုပ်ဆောင်နိုင်စွမ်းမရှိသဖြင့် အားကိုးအားထားဖွယ်ရာ တစ်စုံတစ်ခုမျှမရှိ။ ဤသို့သော အကြောင်းကြောင့် အကယ်၍ ကျွန်ုပ်တို့သည် သင့်တင့်သော နှလုံးသွင်းမှု (ယောနိသော မနသိကာရ) သို့မဟုတ် မှန်ကန်သော အသိတရားဖြင့် စောင့်ကြည့်နေပါက မလွဲမသွေ တွေ့ကြုံခံစားရသည့် နာကျင်ကိုက်ခဲမှု ဝေဒနာသည် အလျင်အမြန် ဖြတ်သန်းစီးဆင်းသွားသည့်သဘောကို အသေအချာ တွေ့မြင်ရမည် ဖြစ်သည်။ အသက်ဇီဝဟူ၍ ထင်မှတ်နေကြသည့် ဝိဉာဏ်ခေါ် သိမှုသဘောကလေးသည် တည်တံ့၍မနေဘဲ စိတ်အစဉ်၌ ချောင်းရေစီးဆင်းသွားသကဲ့သို့ အလျင်မပြတ် စီးဆင်းနေသည့်သဘော ဖြစ်၏။

ပဋိပတ္တိလက်တွေ့ကျင့်စဉ်အတိုင်း မဆုတ်မနစ်သော လုံ့လစိုက်၍ ကျင့်ကြံအားထုတ်ခဲ့လျှင် ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် အဓိကအကြောင်းအရင်းဖြစ်သည့် ရတနာသုံးပါးတည်း ဟူသော သီလ၊ သမာဓိ၊ ပညာကို ရရှိနိုင်ပေလိမ့်မည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် ဗုဒ္ဓဘာသာဝင်တစ်ဦးသည် သီလတည်းဟူသော ကိုယ်ကျင့်တရားကို လုံခြုံစွာထိန်းသိမ်းခြင်း

mgyoe.com

mgyoe.com

မှစ၍ တစ်ဆင့်တက်လှမ်းရမည့် ကျင့်စဉ်မှာ စိတ်ကို မိမိလိုရာသို့ စူးစိုက်ရှုမှတ်လျက် တစ်နေရာတည်း၌ ခိုင်မြဲစွာထားရှိနိုင်ရန် သမာဓိအဆင့်သို့ရောက်အောင် အားထုတ်ရမည်။ သို့ဖြစ်စေကာမူ သမာဓိခေါ် စိတ်ကို မိမိအလိုရှိရာ၌ ခိုင်မြဲစွာ ထားရှိနိုင်စေကာမူ ယာယီအခိုက်အတန့်အားဖြင့်သာလျှင် ကိလေသာ အညစ်အကြေးကို ဖယ်ထားနိုင်ပေလိမ့်မည်။ မဂ်ဖိုလ်စခန်းမှတစ်ဆင့် နိဗ္ဗာန်သို့ တက်လှမ်းလိုသူ ယောဂီ (ဝါ) ကျင့်ကြံအားထုတ်လိုသူတစ်ဦးသည် သမာဓိရရှိလျှင် အထိုက်အလျောက် စိတ်အေးချမ်း တည်ငြိမ်မှုရရှိစေကာမူ လောကီနယ်အတွင်း ပြန်လည်သက်ဆင်းကျရောက်နိုင်၍ ဒုက္ခဝဋ်အတွင်းမှ မလွတ်မြောက်နိုင်သေးပေ။ သီလ သမာဓိနှင့် ပြည့်စုံသူတစ်ဦးသည် ပညာအဆင့်သို့ မြဲမြဲစွာရောက်ရှိမှသာလျှင် စိုးရိမ်ပူဆွေးသောက ကင်းပျောက်မည် ဖြစ်သည်။ သို့သော် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းတော့ မဟုတ်သေး။ လောကီနယ်အတွင်း၌သာ ရှိနေသေး၏။

ဗုဒ္ဓသာသနာတစ်ရပ်လုံးတွင် သစ္စာ (၄) ပါးတရားတော်သည် ပါဝင်လျက်ရှိ၏။ ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သည့် သစ္စာ (၄) ပါး တရားတော်မှာ အောက်ပါအတိုင်းဖြစ်၏။

(၁) ဆင်းရဲခြင်းအမှန်ဟူ၍ အဓိပ္ပာယ်ရသည့် ဒုက္ခသစ္စာသည် ရှိ၏။
(၂) ဆင်းရဲမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းအမှန်ဟူ၍ အဓိပ္ပာယ်ရသည့် သမုဒယသစ္စာသည် ရှိ၏။
(၃) ဆင်းရဲမှုချုပ်ငြိမ်းရာ အမှန်ဟူ၍ အဓိပ္ပာယ်ရသည့် နိရောဓသစ္စာသည် ရှိ၏။
(၄) ဆင်းရဲမှုချုပ်ငြိမ်းရာသို့ ဦးတည်သွားရာလမ်း အမှန်ဟူ၍ အဓိပ္ပာယ်ရသည့် မဂ္ဂသစ္စာသည် ရှိ၏။

သစ္စာတစ်ပါးလျှင် အနက်အဓိပ္ပာယ် (၄)မျိုးစီ ရှိသည်။

၎င်းတို့မှာ –

ဒုက္ခသစ္စာအနက် (၄)ချက် –

(က) ပိဠနတ္ထခေါ် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝတည်းဟူသော တရားဆိုးတို့၏ နှိပ်စက်ခံနေရခြင်းသဘော ရှိ၏။
(ခ) သင်္ခတတ္ထ ခေါ် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်း

mgyoe.com

mgyoe.com

တရားလေးပါး၏ ပြုပြင်စီရင်ခံရသည့် သဘောရှိ၏။

(ဂ) သန္တပနတ္ထ ခေါ် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ တို့၏နှိပ်စက်မှုကို ပူလောင်စွာ ခံနေရခြင်းသဘော ရှိ၏။

(ဃ) ဝိပရိဏာမတ္ထ ခေါ် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့သည် အကြောင်းအကျိုးဆက်စပ်လျက် အမြဲတစေ ဖောက်ပြန်ပြောင်းလဲခြင်းသဘော ရှိ၏။

သမုဒယသစ္စာအနက် (၄)ချက်

(က) အာယူဟနတ္ထ ခေါ် ဆင်းရဲခြင်း၏အကြောင်းရင်းမူလဖြစ်သည့် အမြဲတစေလိုချင်မှုဖြင့် အားထုတ်ခြင်းသဘောအမှန် ရှိ၏။

(ခ) နိဒနတ္ထ ခေါ် ဆင်းရဲခြင်း၏အကြောင်းရင်းမူလဖြစ်သည့် အမြဲတစေဖြစ်ချင်မှု၊ ရချင်မှုသဘောအမှန် ရှိ၏။

(ဂ) သံယောဂတ္ထခေါ် ဝဋ်ဆင်းရဲနှင့် ယှဉ်တွဲပေးတတ် မဂ်ခရီးကို တားဆီးတတ်သော အမြဲတစေ နှစ်မွှန်းစေတတ်သော သဘောအမှန် ရှိ၏။

(ဃ) ဗလိဗောဓတ္ထ ခေါ် ဝဋ်ဆင်းရဲကိုရစေတတ်၍ အမြဲတစေ ဖွဲ့စည်း ရစ်ပတ်ခြင်း သဘောအမှန် ရှိ၏။

နိရောဓသစ္စာအနက်(၄)ချက် –

(က) နိဿရဏတ္ထ – သင်္ခါရတရားတို့မှ လွတ်ကင်းစေလျက် လွတ်ငြိမ်းချမ်းသာမှု သဘောအမှန် ရှိ၏။

(ခ) ဝိဝေကတ္ထ – သင်္ခါရတရားတို့မှ လွတ်ကင်းစေလျက် ဆိတ်ငြိမ်ရာဖြစ်ခြင်း သဘောအမှန် ရှိ၏။

(ဂ) အသင်္ခတ္ထ – သင်္ခါရတရားတို့မှ လွတ်ကင်းစေလျက် မပြုပြင်ရခြင်း၊ မစီမံရခြင်း၊ ဘာတစ်ခုမှ စိုးရိမ်ကြောင့်ကြ ဗျာပါဒစိုက်ထုတ်ရန် မလိုအပ်ခြင်း သဘောအမှန် ရှိ၏။

(ဃ) အမတတ္ထ – သင်္ခါရတရားတို့မှ လွတ်ကင်းစေလျက်မအို၊ မနာ၊ မသေရာတို့ အမြဲထာဝရတည်ရှိနေခြင်း သဘောအမှန် ရှိ၏။

mgyoe.com

mgyoe.com

မဂ္ဂသစ္စာအနက် (၄)ချက်

(က) နိယျာနတ္ထ – ဒုက္ခသိုက်မြုံလောကီဘုံမှ ကျွတ်လွတ်ထွက်မြောက်စေရန် ပို့ဆောင်ကယ်တင်ခြင်း သဘောအမှန် ရှိ၏။

(ခ) ဟေတုတ္ထ – ဒုက္ခသိုက်မြုံလောကီဘုံမှ ကျွတ်လွတ်ထွက်မြောက်စေရန် ခိုလှုံသက်ဝင်ခြင်း သဘောအမှန် ရှိ၏။

(ဂ) ဒဿနတ္ထ – ဒုက္ခသိုက်မြုံလောကီဘုံမှ ကျွတ်လွတ်ထွက်မြောက်စေရန် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း သဘောအမှန် ရှိ၏။

(ဃ) အဓိပတေယျတ္ထ – ဒုက္ခသိုက်မြုံလောကီဘုံမှ ကျွတ်လွတ်ထွက်မြောက်စေရန် အကြီးအမှူးများဖြစ်ခြင်း သဘောအမှန် ရှိ၏။

အထက်ဖော်ပြပါ သစ္စာအနက် (၁၆) ချက်သည် ဗုဒ္ဓဘာသာတွင် အရေးအကြီးဆုံးနှင့် အလေးနက်ဆုံး သဘောတရားဖြစ်ကြောင်း ရဟန်းရှင် လူပညာရှိ ပုဂ္ဂိုလ် အဆူဆူတို့က ဆိုစမှတ်ပြုကြပေသည်။ (ဘာသာပြန်ဆိုသူ)

ဒုက္ခသစ္စာဆိုသော ဝေါဟာရအသုံးအနှုန်းနှင့်စပ်လျဉ်း၍ အိန္ဒိယပြည်၏ ဘာသာရေး စနစ်နယ်ပယ်တွင် (Soteriology)* ဆိုသော ဝေါဟာရ ရှိသည်။ အမှန်စင်စစ်အားဖြင့် ယုံကြည်ကိုးကွယ်မှုပြုနေကြသည့် ဘာသာများသည် သံသရာဝဋ်နှောင် လူ့ဘဝဒုက္ခဘောင်မှ လွတ်အောင်ရုန်းထွက်နိုင်သည့် လက်တွေ့ကျသော အဖြေကိုရရှိလိုကြသည်။ အိန္ဒိယပြည်၏ ဘာသာရေး အယူအဆမှာ လူ့ဘုံလူ့လောက၌ ဖြစ်တည်နေရခြင်းသည် ဒုက္ခဝဋ်အတွင်း သက်ဆင်းနေရသည် ဆိုခြင်းကို မငြင်းပယ်သည့်အပြင် ယင်းဝဋ်ဒုက္ခမှ လွတ်ကင်းစေမည့် နည်းလမ်းကိုသာ အလိုရှိကြသည်။ ဗုဒ္ဓဘာသာသည် စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲခြင်းတရားကို အနိစ္စဟူ၍ ပြောဆိုသုံးနှုန်းသည့်အပြင် အဆိုပါ စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲခြင်းမှာ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ မရှိသော အခြင်းအရာဖြစ်သည်ဟူ၍ အကျိုးအကြောင်း ဆီလျော်သည့်ခံယူချက်ထားရှိသည်။

ဗုဒ္ဓဘာသာသည် ယင်းဝဋ်ဒုက္ခကို ဖယ်ရှားစွန့်ပစ်နိုင်ရန် ကျင့်ကြံကြိုးစားရသည့်ကျင့်စဉ်ကို အခြေခံထား၏။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် ဘာသာဝင်များ

mgyoe.com

mgyoe.com

အား ဆင်းရဲခြင်းဖြစ်စေနိုင်သည့် မူလအစ ပထမဆုံးသော မကောင်းမှု (ဝါ) အပြစ်အနာအဆာကို ဖယ်ရှားရေးအတွက် စဉ်းစားတွေးခေါ်နိုင်စေရန် နည်းလမ်းညွှန်ပြပေးခဲ့သည်။ ဗုဒ္ဓဘာသာဝင်များကလည်း ဒုက္ခဆင်းရဲခြင်း၏ မူလအစအကြောင်းခံသည့် တရားအားသိရှိရန် အားထုတ်ကြိုးပမ်းကြသည်။ သတ္တဝါတို့၏ အစကို စဉ်းစားခြင်းဖြင့် အကျိုးမရှိ၊ အချည်းနှီးသာဖြစ်သည်ဟူ၍လည်း ခံယူသည်။ ဤကဲ့သို့သော ဗုဒ္ဓဘာသာ၏ အဆုံးအမသြဝါဒသည် အိန္ဒိယပြည်၏ အခြားဘာသာများမှ ဆင်းသက်လာသည်ဟူသော ဘာသာတရားဖြစ်သည်ဆိုခြင်းအား ငြင်းဆိုထားသည်။ ဤဒုက္ခဆင်းရဲခြင်းကို "ဇရာ–မရဏ" ဟူ၍လည်းကောင်း၊ "အသက်ကြီးရင့် အိုမင်းခြင်းနှင့် သေဆုံးခြင်းဟူ" ၍လည်းကောင်း အကျဉ်းချုံး၍ ဆိုသည်။

*

## ကွင်းဆက် (၁၂) ခုဖြင့် ချိတ်ဆက်နေသည့်အကြောင်း အကျိုးဆက်တရား (ဝါ) ပဋိစ္စသမုပ္ပာဒ် တရားတော်

သမုဒယသစ္စာအမည်ရသော ရချင်၊ ဖြစ်ချင်၊ လိုချင်သည့် ပြင်းထန်သည့် ဆန္ဒကြောင့် ဒုက္ခသစ္စာမည်သော ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်း အကျိုးရလဒ်ကို ဖြစ်စေ၏။ အဘယ်ကြောင့်ဆိုသော် အကြောင်းတရားကင်း၍ ဖြစ်ပေါ်လာသော အကျိုးတရားဟူ၍ မရှိနိုင်သောကြောင့် ဖြစ်၏။ ဤဒေသနာကို ပဋိစ္စသမုပ္ပာဒ် တရား (Doctrine of Pratiya- Samut Pada) ဟူ၍ သိရှိမှတ်သား နားလည်ထားကြ၏။ ဆိုလိုသည်မှာ ဤအကြောင်းကြောင့် ဤအကျိုးဖြစ်ရသည်ဟူ၍ ဖြစ်၏။ လူ့ဘဝ၏ ဆင်းရဲဒုက္ခဖြစ်ပေါ်ရခြင်းကို ကြောင်းကျိုးဆက်စပ် ကွင်းဆက် (၁၂) ရပ်ဖြင့် ရှင်းလင်းဖော်ပြထားသည်။

(၁) အသိဉာဏ်မရှိခြင်း – အဝိဇ္ဇာ (Avidya)

* Soteriology ဆိုသည်မှာ ကယ်တင်လွတ်မြောက်ခြင်းဟူသော သဘောတရားအယူအဆ ဖြစ်သည်။

mgyoe.com

(၂) အတိတ်ဘဝများစွာမှ ပြုလုပ်အားထုတ်မှုဖြစ်သော ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ယခုဘဝ၌ လူဖြစ်လာခြင်း – သင်္ခါရ (Samskara)
(၃) သိမှုဝိညာဏ် (Vijnana)
(၄) နာမ်ရုပ် (Nama-rupa)
(၅) အာရုံ (၆) ပါး၊ တံခါး (၆)ပေါက်၊ ဆဌာယတန (Sadayatana) သံသရာ နယ်ချဲ့တရား (၆) ပါး
(၆) အာရုံထိတွေ့မှု–သံဖဿ (ဝါ) ဖဿ (Indriya -Vastu Sampark)
(၇) ကောင်းမကောင်း၊ ကြိုက်မကြိုက်စသည်ဖြင့် အာရုံခံမှုဝေဒနာ (Vedana)
(၈) လိုချင်မှု၊ တပ်မက်စွဲငြိမှု – တဏှာ (Trsna) (၎င်းတဏှာဆိုသည့် စကားအသုံးအနှုန်းမှာ အိန္ဒိယပြည် ရှေးခေတ်ကာလ၊ နွားကျောင်းသားများသည် အလွန်ပူပြင်းသည့်နေပူထဲမှ သစ်ပင်အရိပ်အောက်၌ထားရှိသောရေအိုးမှ ရေကို အလုအယက်အငမ်းမရ သောက်သုံးလိုသည့် ရေဆာလောင်မွတ်သိပ်ခြင်းကို သုံးနှုန်းပြောဆိုရာမှစသည်ဟူ၍ သိရ၏။)
(၉) တဏှာဖြစ်ခြင်းကြောင်း ၎င်း၏စွဲငြိနေမှုကို မရမနေ အမိအရ ဖက်တွယ်ထားခြင်း (ဝါ) အပြင်းအထန်စွဲလမ်းမှု ဥပါဒါန် (Upadan)
(၁၀) အပြင်းအထန်စွဲလမ်းမှုကြောင့် ဖြစ်ပေါ်လာသည့် လုပ်ဆောင်ချက် ဘဝ (ခေါ်) ကမ္မဘဝ (Bhava)
(၁၁) ပဋိသန္ဓေတည်ခြင်း – ဇာတိ (Jati)
(၁၂) ပဋိသန္ဓေမှ ရင့်ရော်အိုမင်းမှု၊ သေဆုံးပျက်စီးမှု – ဇရာ – မရဏ (Jara - Marana)

ကျွန်ုပ်တို့ ယခု လူ့ဘဝသို့ ရရှိနေရခြင်းမှာ ဘဝဖြစ်ရန် လိုလားတောင့်တသည့်အဖေနှင့်အလားသဏ္ဍာန်တူသော တဏှာ (ဝါ) လိုချင်မှု။ တွယ်တာကပ်ငြိမှုသည် အမေနှင့်အလားသဏ္ဍာန်တူသည်ဟူ၍ ပြောစမှတ်ပြုကြ၏။ အကယ်၍ တဏှာမရှိခဲ့လျှင် ဘဝဆိုသည်မှာလည်းရှိတော့မည် မဟုတ်ပေ။ ဤသို့သောအားဖြင့် ဟိန္ဒူဘာသာ၏ဥပါတ်နိ ရှတ်စ်ကျမ်းဂန်၌လာသော အဆိုအမိန့်နှင့် ဗုဒ္ဓ

ဘာသာတို့သည် တဏှာနိရောဓ (ဝါ) လိုချင်မှု လောဘချုပ်ငြိမ်းမှုကို မျက်မှောက်ပြုရန် ရည်ရွယ်ချက်ထား ရှိသည်။

ခရစ်ယာန်ဘာသာသမ္မာကျမ်း ကျမ်းစာအုပ် (Ecclesiastes) တွင်လည်း လူ့ဘဝရရှိခြင်း၏ ဒုက္ခနှင့်ပတ်သက်၍ အောက်ပါအတိုင်း တွေ့ရှိရသည်။

"လူ့ဘဝရောက်ရှိလာပြီး သေဆုံးခြင်းသို့ရောက်သွားသူအား ငါမလိုလားပေ၊ ၎င်းတို့အား သေဆုံးခြင်းတရား မရှိဘဲ ၊ အသက်ရှင်လျက် ရှိနေခြင်းကိုသာ ငါတွေ့လိုပါ၏။ သို့သော်လည်း သေခြင်းတရား မရှိမှုသည်လည်းကောင်း၊ သို့မဟုတ် ဘယ်သောအခါမှ မွေးဖွားမှု မရှိခြင်းသည်လည်းကောင်း ပို၍ ကောင်းမြတ်သေး၏။" (ခရစ်ယာန်ဘာသာ သမ္မာကျမ်းစာ–၄–၂–၃)

အလားတူပင် ဂရိစ်နိုင်ငံတော်ပြည့်ရှင်ဘုရင် မိဒပ်စ်မာကြူရီကလည်း ၎င်း၏စိတ်ကိုမထိန်းချုပ်နိုင်ပဲ စိတ်မကောင်းစွာဖြင့် ရုတ်တရက်ပြောဆိုသည်မှာ–

"ကံမကောင်း အကြောင်းမလှရှာသူ၊ အခွင့်အလမ်းကင်းမဲ့ရှာသူ– အိုသားတော်၊ သမီးတော်အပေါင်းတို့ အသင်တို့အား ငါပြောကြားလိုသည်မှာ အသင်တို့သည် ဘဝမဖြစ်ခြင်း၊ လူ့ဘဝလူ့လောကသို့ မသက်ဆင်းရန်နှင့် ဇာတိပဋိသန္ဓေမနေရခြင်းသည် အသင်တို့အဖို့ အကောင်းဆုံးဖြစ်ပေလိမ့်မည်။"

ဂိုသီကလည်း အောက်ပါအတိုင်း မှတ်ချက်ပြုထားသည်။

"ဒုက္ခ၊ သုခများလှစွာသော လူ့ဘဝကို ဘာကြောင့်ရရှိနေကြပါလိမ့်၊ အကယ်၍ လူ့ဘဝသို့ မဆင်းသက်ရလျှင် ကောင်းပေစွ။"

ကံအားလျော်စွာဖြင့် ရှင်တော်ဗုဒ္ဓသည် လူ့ဘဝလောကီဘုံသို့ ယခုရောက်ရှိပြီး ဒုက္ခဝဋ်ဆင်းရဲအတွင်း ကျရောက်နေရခြင်းမှ လွတ်ကင်းနိုင်သည့်အကြောင်းကို အလေးအနက် ဟောကြားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဒုက္ခချုပ်ငြိမ်းခြင်း အမှန်တရားရှိနေခြင်းကြောင့် ဖြစ်ပေသည်။

နိဗ္ဗာန်ဆိုသော သဘောသည်ရှိ၏။ နိဗ္ဗာန်သည်အမှန်ရှိသော ပရမတ္ထတရား ဖြစ်သည်။ "နိဗ္ဗာန" ဟူသော ပါဠိစကားလုံး၏အဓိပ္ပာယ်မှာ "လွင့်တက်ပျောက်ကွယ်ခြင်း" ဟူ၍ မီးတောက်မီးလျှံတစ်ခု ချုပ်ငြိမ်းပျောက်ကွယ်သွားသည့် ဥပမာနှင့်နှိုင်းယှဉ်၍ စာပေက ဖွင့်ဆိုသည်။ ဤအချက်သည် လူ့ဘဝ၏ နောက်ဆုံး

mgyoe.com

ရည်မှန်းချက်ထား၍ အစွမ်းကုန်ကြိုးစားရမည့်အချက် ဖြစ်သည်။ နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်းကင်းငြိမ်းရာအမှန်၊ လိုချင်တပ်မက်မှု လောဘတဏှာချုပ်ပြတ်အေးငြိမ်းရာအမှန်၊ ဘဝအသစ်တစ်ဖန်ပြန်ဖြစ်ခြင်း မရှိရာဧကန် ဖြစ်၏။ ထိုနိဗ္ဗာန်သည် သန္တိသုခအမြဲရှိနေသည့် ဓာတ်သဘောဟူ၍ ဖော်ပြနိုင်သည်။ ဤအမတချမ်းသာမှုအပြည့်အဝရှိသော သဘောဖြစ်သည့် နိဗ္ဗာန်၏သဘော သဘာဝသည် အလွန့်အလွန် သိမ်မွေ့နက်နဲ၍ ဗုဒ္ဓ ဘာသာလောကအတွင်း အငြင်းပွားနေသည့် ကိစ္စတစ်ခုဖြစ်သည်။ ဤနိဗ္ဗာန်နှင့်ပတ်သက်သည့် "ဗုဒ္ဓဘာသာဝင်များ၏ နောက်ဆုံးခရီးပန်းတိုင်" (Final Destiny or Moksa) ခေါင်းစဉ်အောက်၌ ပြန်လည်တင်ပြပါဦးမည်။

မှတ်ချက်။ ။ ဘာသာပြန်သူသည် နိဗ္ဗာန်ဆိုသည့် သဘောသဘာဝကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခံစားရမှု မပြုနိုင်သေးသော်လည်း ဤသို့နားလည်ထား၏။ နိဗ္ဗာန်ဟူသော မည်သူတစ်ဦးတစ်ယောက်၏ ပြုပြင်ဖန်တီးထားခြင်း မဟုတ်သည့် တကယ့်အရှိတရားတစ်ခုအဖြစ် စကြဝဠာကမ္ဘာလောကဓာတ် စတင်ဖြစ်ထွန်းချိန်မှစ၍ အခြားအခြားသော သဘာဝတရားများနှင့် အတူတကွ ဖြစ်ထွန်းပေါ်ပေါက်လာသည့် တကယ့်အရှိ အမှန်တရား (ပရမတ္ထဓာတ်သဘောတရား) ဖြစ်သည်။ မပြောင်းမလဲ အမြဲတည်ရှိနေသည့် သဘောတရားဖြစ်၍ ၎င်း၏ အရင်းခံသဘောမှာ ကိုယ်စိတ်နှစ်ပါးရရှိခံစားနိုင်သည့် ငြိမ်းချမ်းမှု အားလုံးတို့ထက် နှိုင်းယှဉ်မရသော အဆပေါင်းများစွာ သာလွန်ငြိမ်းအေးသည့် သဘာဝဖြစ်သည်ကို လက်တွေ့ကျင့်ကြံကြိုးစားအားထုတ်လျှင် ရရှိနိုင်သောအရာ ဖြစ်သည်။

စကြဝဠာကမ္ဘာလောကဓာတ်ကြီးအတွင်း သဘာဝတရားသည် ဆန့်ကျင်ဘက် သဘောတရားနှစ်ခုတို့၏ ယှဉ်တွဲလွန်ဆွဲတည်ရှိနေသည့် အနေအထားဖြင့် စုံတွဲအလိုက် ဖြစ်ပေါ်လည်ပတ်တည်တံ့နေခြင်းဖြစ်၍ ဖြစ်မှု၊ ပျက်မှုနယ်ပယ်အတွင်း မလွတ်ကင်းနိုင်ကြပေ၊ နိဗ္ဗာန်ဟူသော သဘာဝမှာ ဖြစ်မှု၊ ပျက်မှု အလျဉ်း မရှိသော အမြဲထာဝရ တည်တံ့နေသော အရာဖြစ်သည်ဟု ယုံကြည်ပါသည်။

နိဗ္ဗာန်အကြောင်းအရာနှင့်စပ်လျဉ်း၍ ဗုဒ္ဓစာပေဆုရသူ စာရေးဆရာ ချစ်ငယ် (ဒဿန) နှင့် ဦးကျော်နိုင် (ပထမကျော်၊ အဂ္ဂမဟာအကျော်၊ ဝဋ္ဋံသကာ

mgyee.com

ဘွဲ့ရ) တို့က ၂၀၀၃–ခုနှစ်အတွင်း မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးများ ရေးသားခဲ့သည်ကို ဖတ်ရှုခဲ့ရသည်။ ဦးကျော်နိုင်က "နိဗ္ဗာန်သည် ဗုဒ္ဓသာသနာတွင် အရေးကြီးသော ပြဿနာဖြစ်၍ မြန်မာနိုင်ငံ ထေရဝါဒဗုဒ္ဓသာသနာ၏ နေလို လလို ထင်ရှားသည့် ဆရာတော်ကြီးများ အကြား၌ပင် အယူအဆမတူညီကြသည် ကို တွေ့ရသည်" ဟူ၍ ရေးသားထားပါသည်။

နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၂) လူသေလူဖြစ်ဝါဒါနုဝါဒ ဝိနိစ္ဆယဆုံးဖြတ်ချက်စာအုပ် နှာ – (၉၈၈) ၌ ဝိနည်းဓိုရ်ဆရာတော်များ၏ ဝေဖန် စိစစ်ချက်မှာ –

"နိဗ္ဗာန် (နိ+ဝါန) ဟူသော စကားအနက်အဓိပ္ပာယ် အမှန်ကိုပြရသော် အတိတ်ဘဝဟူသော ရုပ်နာမ်ခန္ဓာနှင့် ပစ္စုပ္ပန်ဘဝရုပ် နာမ်ခန္ဓာကိုလည်းကောင်း၊ အနာဂတ်ဘဝ ရုပ်နာမ်ခန္ဓာကိုလည်းကောင်း အကျိုးရုပ်နာမ်တရားနှင့် အကြောင်း ကုသိုလ်၊ အကုသိုလ်ကံကိုလည်းကောင်း၊ အဆက်မပြတ်အောင် ဖွဲ့စပ်တတ်သော တဏှာကိုဝါနဟု ခေါ်၏။ ထိုဝါနဟု ခေါ်အပ်သော တဏှာ၏ တောင့်တရာအာရုံ နယ်နိမိတ်နှင့် လုံးဝမဆက်စပ် အလွတ်သက်သက်ဖြစ်သော ပရမတ်တရားကို နိဝါန– နိဗ္ဗာန– နိဗ္ဗာန်ဟု ခေါ်သည်။

ဝါန = တဏှာမှ
နိ = ထွက်ခွာသောတရား၊ ကင်းရှင်းသောတရား
နိဗ္ဗာန = တဏှာနှင့် မဆက်စပ် အလွတ်သက်သက်ဖြစ်သောတရား

(ပါရာဇိကဏ်အဋ္ဌကထာ၊ ဒု ၊ ၁၈၄၊ ။ သုတ်မဟာဝါအဋ္ဌကထာဟူ၍ ရေးသား ထားသည်ကို လေ့လာတွေ့ရှိရသည်။)

ကမ္ဘာကနားလည်ထားသည့် နိဗ္ဗာန်ဟူသော စကားရပ်မှာ –

Nirvana- A transcendent state in which there is neither suffering, desire, nor scense of Self, and the subject is released from the effect of karma and samsara. It represents the final goal of Buddhism. But in Hinduism Liberation of the soul from effects of Karma and bodily existence . And also a state of perfect happiness; and ideal or idylic place ဟူ၍လည်းကောင်း၊ a state in which individuality becomes extinct by being absorbed into the

supreme spirit ဟူ၍ လည်းကောင်း၊

Nirvana means extinction of any and even of the idle curiosity for metaphysical knowledge ဟူ၍လည်းကောင်း ရေးသားဖော်ပြကြသည်ကို တွေ့ရသည်။

(အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လူသားအများစုတို့ ယုံကြည်သည့် ဟိန္ဒူ၊ ဗုဒ္ဓ၊ ဂျိန်း၊ ဆစ်ခ်ဘာသာကြီးများ မွေးဖွားရာဒေသကြီးဖြစ်၍ အိန္ဒိယနိုင်ငံမှ ယုံကြည်ကိုးကွယ်မှုများနှင့် ဒဿနိကပညာရှင်များ၏ သုတေသနပြု ရေးသားချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်ဟု ယူဆပါသည်။ အိန္ဒိယနိုင်ငံမှ ပညာရှင်တချို့၏ရေးသားတင်ပြချက်မှာ သစ္စာ (၄) ပါးအနက်မှ နိရောဓသစ္စာသည် ကမ္ဘာ့လူသားတို့ခံစားနေရသည့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းကို ဆိုလိုသည်။ နိရောဓသစ္စာဟူသော သဘောမှာ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းပြတ်ရာ အမှန်၊ ဇာတိတစ်ဖန်ပြန်မဖြစ်ခြင်းကို နိဗ္ဗာန်ဟု ခေါ်သည်။ ခန္ဓာချုပ်ငြိမ်းမှုကို ယခုမျက်မှောက်ဘဝ၌ပင် ရရှိခံစားနိုင်သည်။ ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်မှုကို နိဗ္ဗာန်ဟုခေါ်သည်။ လောကစံတရားနှင့် ပြင်ပအာရုံ၏ ရိုက်ခတ်ခြင်းဖြင့် တဏှာအကြောင်းခံ၍ လောဘမဖြစ်ပေါ်သလို၊ မာနအကြောင်းခံကြောင့်လည်း ဒေါသမဖြစ်ပေါ်နိုင်၊ ဒိဋ္ဌိအကြောင်းခံ၍လည်း မောဟမဖြစ်တော့ဘဲ ဖြူစင်မြင့်မြတ်သည့် စိတ်အစဉ်ကို မည်သည့်အရာမှ နှောင့်ယှက်ဟန့်တားခြင်းငှာ မစွမ်းနိုင်သော အခြေအနေကို နိဗ္ဗာန်ဟု ခေါ်သည်။

မည်သို့ဖြစ်စေ၊ နိဗ္ဗာန်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအနက် ဘုရင်မိလိန္ဒမင်းကြီးက မေးသမျှကို ရဟန္တာအရှင်မြတ်နာဂသေနက ဖြေကြားချက်၌ ဖော်ပြသည့် အဓိပ္ပာယ်သည် အရှင်းလင်းဆုံး အပြတ်သားဆုံးဖြစ်သည်ကို တွေ့ရသည်။ – ဘာသာပြန်သူ)

သံသရာဝဋ်ဒုက္ခညွန်မှ လွတ်မြောက်ရန် နည်းလမ်းအမှန် (ဒုက္ခနိရောဓမဂ္ဂ) Path to the cessation of suffering (Dukha Niroda Marga) နိဗ္ဗာန်သည် ပရမတ္ထတရား အသင်္ခတဓာတ်ဖြစ်သည်။ ယင်းနိဗ္ဗာန်သို့ ဗုဒ္ဓရှင်တော် မြတ်စွာဘုရား ကိုယ်တိုင် စံဝင်တော်မူခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် လူသားတစ်ဦး၏ နောက်ဆုံး

mgyoe.com

ဆိုက်ရောက်ရမည့် ပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့ ဦးတည်သွားရာလမ်းသည် အမှန်မုချရှိမည်သာ ဖြစ်တော့၏။ မဂ္ဂင်လမ်းပေါ်သို့မရောက်မီ နိဗ္ဗာန်ကို ရှာကြံအားထုတ်သူသည် စဉ်ဆက်မပြတ် ဖြစ်ပျက်ပြောင်းလဲနေသည့် အနိစ္စလက္ခဏာသဘောကို အသေအချာ နားလည်ထားရမည့်အပြင် အကြောင်းအကျိုးဆက်စပ်သည့် ပဋိစ္စသမုပ္ပါဒ်တရားသဘောကိုလည်းကောင်း၊ အသက်လိပ်ပြာကောင်ဟူ၍မရှိ၊ ရုပ်နာမ်ဖြစ်ပျက် မျှသာရှိ၏ဟူသော အနတ္တကိုလည်းကောင်း၊ ကောင်းစွာသဘောပေါက်နားလည်ရပါမည်။ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်၍ ယင်းအကျိုးတရားသည်ပင်လျှင် အကြောင်းတရားဖြစ်ပြီးနောက် အကျိုးတရားအဖြစ် လှည့်ပတ်ဖြစ်ပျက်နေသည့် ခန္ဓပဋိစ္စသမုပ္ပါဒ်ကို ပညာသိဖြင့် ဖောက်ထွင်းသိမြင်ပြီးနောက် ကျင့်ကြံအားထုတ်သူသည်

အောက်တွင်ဖော်ပြပါ အကျင့်လမ်းစဉ် မဂ္ဂင် (၈) ပါးကို လက်ကိုင်ပြုရပါမည်–

(၁) မှန်ကန်သောအမြင် (သမ္မာဒိဋ္ဌိ – Samyakdrsti)
(၂) မှန်ကန်သောအကြံ (သမ္မာသင်္ကပ္ပ – Samyak-samkalapa)
(၃) မှန်ကန်သောအပြောအဆို (သမ္မာဝါစာ – Samyakvak)
(၄) မှန်ကန်သောအလုပ် (သမ္မာကမ္မန္တ – Samyak-karmanta)
(၅) မှန်ကန်သောအသက်မွေးမှု (သမ္မာအာဇီဝ– Samyakgajiva)
(၆) မှန်ကန်သောအားထုတ်မှု (သမ္မာဝါယာမ – Samyakvyama)
(၇) မှန်ကန်သောသတိ (သမ္မာသတိ – Samyak-smrti)
(၈) မှန်ကန်သောတည်ကြည်မှု (သမ္မာသမာဓိ – Samyaksamadhi)

အထက်ပါမဂ္ဂင် (၈) ပါးအား သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်နှင့် ပညာမဂ္ဂင်ဟူ၍ အုပ်စု (၃) စုခွဲ၍ အဆင့် (၃) ဆင့်ခွဲခြားသတ်မှတ်ထားရာ –

သမ္မာဝါစာ၊ သမ္မာကမ္မန္တနှင့် သမ္မာအာဇီဝမဂ္ဂင်များကို သီလမဂ္ဂင်ဟူ၍လည်းကောင်း၊ သမ္မဝါယာမ၊ သမ္မသတိနှင့် သမ္မာသမာဓိကို သမာဓိမဂ္ဂင်ဟူ၍လည်းကောင်း၊ သမ္မဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပကို ပညာမဂ္ဂင်ဟူ၍လည်းကောင်း ခေါ်ဆို၏။

ကျွန်ုပ်တို့သည် အဝိဇ္ဇာ (Avidya) ခေါ် သစ္စာမသိမှုကို အထက်၌ဖော်ပြခဲ့ပြီးဖြစ်ရာ ၎င်းအဝိဇ္ဇာဆိုသော သဘောမှာ ပုဂ္ဂိုလ်တစ်ဦး၏ စိတ်သည် ယင်းပုဂ္ဂိုလ်

mgyoe.com

mgyoe.com

အား မှန်ကန်သည့်ဘက်သို့ ရှေးရှုဦးတည်မှုမပြုပဲ မမှန်ကန်ရာသို့သာ ရှေးရှုဦးတည်မှုပြုစေသည့်အလျောက် လူသတ္တဝါတို့အား များသောအားဖြင့် မှားယွင်းစွာဖြင့် မကောင်းမှု အကုသိုလ်ဒုစရိုက်သို့သာ ဆွဲဆောင်နေ သည်။ (ဗုဒ္ဓကိုယ်တော်တိုင် ဟောကြားချက်မှာ– (၁) ဒုက္ခေအညာဏံ၊ (၂) ဒုက္ခသမုဒအေညာဏံ၊ (၃) ဒုက္ခနိရောဓေအညာဏံ၊ (၄) ဒုက္ခနိရောဓ ဂါမိနိပဋိပဒ္ဓါယအညာဏံ၊ (၅) အယံဝုစ္စတိ အဝိဇ္ဇာဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထား၏။ မြန်မာအဓိပ္ပာယ်မှာ (၁) ဒုက္ခဖြစ်မှုကို မသိ၊ မမြင်၊ နားမလည်ခြင်း၊ (၂) ဒုက္ခဖြစ်ရခြင်းအကြောင်းရင်းကို မသိ၊ မမြင်၊ နားမလည်ခြင်း၊ (၃) ဒုက္ခချုပ်ငြိမ်းမှုကို မသိ၊ မမြင်၊ နားမလည်ခြင်း၊ (၄) ဒုက္ခချုပ်ငြိမ်းရာလမ်းအမှန်ကို မသိ၊ မမြင်၊ နားမလည်ခြင်းဟူ၍ ဖြစ်သည်။ ၎င်းသစ္စာလေးချက်ကို မသိ၊ မမြင်၊ နားမလည်ခြင်းကို အဝိဇ္ဇာဟူ၍ ပါဠိစကားဖြင့် ခေါ်ဆို၏။ အင်္ဂလိပ်စကားလုံးဖြင့် (Ignorance or Niscience) ဟု ခေါ်သည်။ အချို့သော ပညာရှိများကမူ အဝိဇ္ဇာဆိုသည့် သဘောသည် သိသင့်သိထိုက်တာကို မသိဘဲ၊ မသိသင့်၊ မသိထိုက်တာကို သိရှိနားလည်သဘောပေါက်ခြင်းကိုဆို၏ဟူ၍ ဖော်ပြကြသည်။ (ဘာသာပြန်သူ)

ဤသို့အားဖြင့် သံသရာထွက်လမ်းရှာကြံသူ လူပုဂ္ဂိုလ်သည် စိတ်ထားဖြူစင်စွာ ထားရှိရမည့်အပြင် မိမိအား နည်းလမ်းမှန်ကန်စွာ သွန်သင်ညွှန်ပြနိုင်မည့် ပုဂ္ဂိုလ် (ဝါ) ဆရာကောင်းရှာမှီးရပါမည်။ (တိကျသေချာစွာ ရှင်းလင်းပြောပြနိုင်သည့် ဆရာရှိရပါမည်။) (ဝါ) သမာဓိစွမ်းအားရရှိရေးသို့ လမ်းညွှန်ပေးနိုင်သည့် အပြင် နောက်ဆုံးတွင် အဟံကာရ (Ahamkara) ခေါ် သက္ကာယဒိဋ္ဌိကို ဖျက်ဆီးလျက် ပညာစခန်း (the state of Prajna) သို့ တက်လှမ်းရရှိနိုင်စေရန် လမ်းညွှန်ကောင်း လိုအပ်ပါသည်။

သမာဓိဆိုသော အဓိပ္ပာယ်မှာ မိမိ၏စိတ်ကို မိမိထားလိုသည့်အာရုံပေါ်၌ မိမိထားလိုသလောက်ထားရှိပြီး ဗုဒ္ဓဟောကြားဆုံးမခဲ့သည့် ပဋိစ္စသမုပ္ပာဒ်အကြောင်းအကျိုးဆက်စပ်မှုကိုလည်းကောင်း၊ သီလနှင့် ပညာစသော သဘာဝဓမ္မတရားစုတို့အပေါ်တွင်လည်းကောင်း၊ လေးနက်တည်ငြိမ်စွာ ထားရှိနိုင်စေရန် စိတ်အလေ့အကျင့်ပြုလုပ်ခြင်းကို ဆိုလိုပါသည်။ သမာဓိဆိုသည့် စကားလုံးအား

mgyoe.com

ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ကိုယ်–စိတ်– စေတသိက် (Sam-a-dhi) တို့အား တစ်စု တစ်စည်းတွင် ညီညွတ်မျှတစွာပေါင်းစု၍ အားထည့်ထားခြင်းကို ဆိုလိုပါသည်။ Dr-Y-M asih ၏အလိုအရ သမာဓိရရှိအောင် ကြိုးစားအားထုတ်ခြင်း၏ ရည်ရွယ်ချက်မှာ သက္ကာယဒိဋ္ဌိကို ဖယ်ရှားရန်ဖြစ်ပါသည်။ ဤသို့လေ့ကျင့် အားထုတ်ရာတွင် အောက်ပါအတိုင်း အဆင့်ဆင့် လေ့ကျင့်ရသည် –

(၁) သမာဓိ ပထမအဆင့်၌ လိုချင်မှု၊ စွဲလမ်းမှုတဏှာဖြင့် ငြိတွယ်ကပ်နေသည့် စိတ်ကိုဖြူစင်စေခြင်း၊ စိတ်လှုပ်ရှားမှုကို တည်ငြိမ်စေခြင်း၊ လောကီအာရုံကာမဂုဏ်တို့၏ ဆွဲငင်သိမ်းသွင်းဖမ်းစားခြင်း ခံနေရသည် ကိလေသာ သံယောဇဉ်သုတ်သင်ဖယ်ရှားခြင်း၊ ဗုဒ္ဓဟောကြားတော်မူသည့် အကြောင်းအကျိုး ဆက်တရားကို ဆင်ခြင်နှလုံးသွင်းမှု အကျင့်ကောင်းကို အားထုတ်ခြင်း ဖြစ်သည်။

(၂) သမာဓိ ဒုတိယအဆင့်၌ အကြောင်းအကျိုးဆက် တရားဆင်ခြင် နှလုံးသွင်းမှု ရပ်ဆိုင်းသွား၏။ ထို့နောက် ဗုဒ္ဓမြတ်စွာ ဟောကြားထားသည့် အဆုံးအမ ဒေသနာအား လေးလေးနက်နက် ခိုင်ခိုင်မာမာ ယုံကြည်လာ၏။ ဤနေရာတွင် တစ်ကိုယ်လုံး၌ မပြောပြနိုင်သည့် နူးညံ့လှစွာသော ဝေဒနာ ဖြစ်ပေါ်လာ၏။

(၃) သမာဓိ တတိယအဆင့်၌ အိပ်ပျော်ခြင်း မဟုတ်သည့် အိပ်ပျော်သလိုဖြစ်သွားပြီး အချို့သော ပုဂ္ဂိုလ်များတွင် ထူးဆန်းသည့်အရာများကို တွေ့မြင်ရပြီး စိတ်ပျော်ရွှင်မှုနှင့် ငြိမ်းချမ်းမှုရသည်။

(၄) သမာဓိနောက်ဆုံးအဆင့်၌ ပျော်ရွှင်ခံစားနေရခြင်း မဟုတ်သလို နာကျင်မှု ခံစားနေရခြင်းလည်း မဟုတ်တော့ချေ။ ထိုစဉ် အချိန်အမျိုး၌ "ဥပေက္ခာဘဝ" (Upakshabhava) သို့ ရောက်ရှိနေတော့၏။ ဆိုလိုသည်မှာ ထိုအချိန်၌ လုံးဝဉသုံကွဲပြားခြားနားမှု မရှိတော့ဘဲ အေးငြိမ်းချမ်းသာမှုကို ရရှိ၏။

ဗုဒ္ဓဘာသာ၏နောက်ပိုင်း ဆက်လက်တိုးတက်မှုများတွင် အဆင့် (၈) ဆင့်ရှိသော တရားလမ်းကြောင်းကိုရရှိခဲ့သည်။ ဟိန္ဒူကျင့်စဉ် "တန္တရ" တွင် (၈)

mgyoe.com

mgyoe.com

ပါးသော လုပ်ငန်းကို ရရှိခြင်း (Raddhis-saddhis) ဟူ၍ ခေါ်ပါသည်။

*

## ဗုဒ္ဓဘာသာ၏ပညာဟုခေါ်ဆိုသော အကြောင်းအရာ

တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် သမာဓိအဆင့်သို့ရောက်ရှိပြီးနောက် နောက်ဆုံးအဆင့်အနေဖြင့် သက္ကာယဒိဋ္ဌိအစွဲ ပျောက်ကွယ်သွား၏။ အားရကျေနပ် ပျော်ရွှင်မှုနှင့် နာကျင်ကိုက်ခဲမှုအပေါ် ကျရောက်နေသည့် စိတ်သည် "ဥပေက္ခာဘဝ" (Upekshabhava) သို့ရောက်သောအခါ ချုပ်ငြိမ်းပြတ်စဲသွားတော့၏။ သို့သော် ဤသို့ကွဲပြားခြားနားမှု လုံးဝချုပ်ငြိမ်းခြင်းသည် သမာဓိစွမ်းအားတက်နေသည့် အချိန်ကြာလျှင် ကြာသလောက်တည်ရှိနေ၏။ သံသရာမှ ထွက်လမ်းရှာကြံအားထုတ်နေသူတစ်ဦးသည် ၎င်း၏စွဲမြဲနေသည့် သမာဓိကို ချလိုက်ပြီး သာမန်လောကီဘုံသားဘဝသို့ ပြန်လည်ဝင်ရောက်လာသည့်အခါ၌မူ လောကီဘုံသံယောဇဉ်အငွေ့တို့သည် ၎င်း၏စိတ်သို့ ဝင်ရောက်လာပြန်တော့၏။ လောကလူ့ဘောင်မှ ပုန်းရှောင်ကာ ဝဋ်နှောင်ကို လွတ်အောင်ရုန်းလိုသူများအဖို့မှာတော့ သင်္ခါရုပေက္ခာ ဉာဏ်ရအောင် အားထုတ်ရပေမည်။ ဤသို့သော ပညာဉာဏ်အဆင့်သို့ရောက်သူသည် မိမိကိုယ်ခန္ဓာပေါ်တွင် မည်သည့်နေရာ၌မဆို နာကျင်ကိုက်ခဲမှုကို ခံစားရသော်လည်း ယင်းနာကျင်ကိုက်ခဲမှုသည် ကိုယ်ပိုင်ကိုယ်ဆိုင် မဟုတ်ကြောင်း တွေ့ရှိလာတော့သည်။

*

mgyoe.com